ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 July 2026 ၁၂၂၅၁


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## ယနေ့ ဖတ်စရာ


**ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် ဓနိအခြေခံထုတ်ကုန်များ**

ဆောင်းပါး စာမျက်နှာ » ၆

**ရောဝတီတိုင်းဒေသကြီးမှ နှစ်စဉ်ပြောင်းတန်ချိန် ၁၄၀၀၀၀ ကျော် ထွက်ရှိ**

စာမျက်နှာ » ၇

**ရွှေတောင်မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ သံဃနာယက နှင့် ဝိနည်းဓိုရ်ဆင့်ပွား သင်တန်းဖွင့်**

စာမျက်နှာ » ၉

**ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ . . .**

ဆောင်းပါး စာမျက်နှာ » ၁၀


# မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲ - ၂၀၂၆ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင်ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

# တော်ဝင်ဓမ္မသဘင် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

ဆရာတော်ကြီးသုံးပါးက သုံးရက်တိုင်တိုင် တရားဒေသနာတော်များ ဟောကြားသွားမည့် တော်ဝင်ဓမ္မသဘင်တရားပွဲကြီးကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ် တော်ဝင်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တရားပွဲတော်ကြီးကို ဇူလိုင် ၂၇ ရက်တွင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ၂၈ ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရနှင့် ၂၉ ရက်တွင် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒတို့က ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။

MT



# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိ

ဟားခါး ဇူလိုင် ၂၅

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် ဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဖွဲ့စည်းထားသည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များသည် ချင်းပြည်နယ်သို့ အလှည့်ကျသွားရောက်၍ ချင်းပြည်နယ် အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ နယ်မြေဒေသများအရောက်ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။



စာမျက်နှာ ၄ ကော်လံ ၃ သို့ ❍


# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၂၅

ယနေ့မွန်းလွဲ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ






# သဖန်းဆိပ်ရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရန် လျာထားဧကပြည့်မီစွာ ဆည်ရေပေးဝေနိုင်မည်

ကျွန်းလှ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် တည်ရှိသော သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧကပြည့်မီစွာ ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖

ကြေးမုံ

# အမျိုးသားအကျိုးစီးပွားအလေးထား အပြုသဘောဆောင်အကျိုးရှိပူးပေါင်း

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အချိန်မှစ၍ ယနေ့ထက်တိုင် အာဆီယံအခြေခံမူ၊ အာဆီယံပဋိညာဉ်ပါအချက်များအတိုင်း အာဆီယံနိုင်ငံများအချင်းချင်း လေးစားလိုက်နာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်လာသည်ကိုအကြောင်းပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှ အလှည့်ကျတာဝန်ယူဆောင်ရွက်သော ခေါင်းဆောင်အချို့သည် အာဆီယံအဖွဲ့ကြီးက မူလချမှတ်ထားသည့် ပဋိညာဉ်ပါအခြေခံမူများ၊ ရည်ရွယ်ချက်များကို သွေဖည်လုပ်ဆောင်လာသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ၂၀၂၁ ခုနှစ်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီးဖြစ်သည့်အပြင် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံတူညီဆန္ဒ(၅)ရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်ကို အသိပေးထုတ်ပြန်ခဲ့သည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့က အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြသည်။ အာဆီယံခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မူကြမ်းချပြအသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်ခဲ့ခြင်းမဟုတ်ပေ။ အဆိုပါထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် တရားဝင်အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အာဆီယံထုတ်ပြန်ချက်(၅) ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်ကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့် အပြန်အလှန်ဆက်နွယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၂၅–၂၀၂၆ ခုနှစ် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီးစီးပြီးနောက် လွှတ်တော်များပေါ်ပေါက်လာသည့်အခါတွင် ပြည်ထောင်စုလွှတ်တော်၌ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီမှုမရှိသောကြောင့် ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရန် အရေးကြီးအဆိုကို အတည်ပြုဆုံးဖြတ်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကိုအခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံကဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်း(Myanmar– owned and Myanmar–Led approach) ဖြင့် အာဆီယံနှင့်ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ် အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်းဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သည့်ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း" အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းများနှင့် အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အပြုသဘောဆောင်၍ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၁ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့အရ ဒေါက်တာသောင်းနိုင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့် ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တံတားဦးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**တံတားဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေရေးရာဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက်နံနက် ၈ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိဦးရဲဆွေဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တံတားဦးမြို့နယ်အတွင်းရှိရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၂ ဦး တက်ရောက်ကြပြီး သင်တန်းကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိနှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငါန်းဇွန်မြို့နယ်၌ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ငါန်းဇွန် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းတွင် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်သီဟက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

■

## ရေတာရှည်မြို့နယ်၌ အခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

**ရေတာရှည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းသူက သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မီးသတ်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရန်မီးသတ်ခေါင်းဆောင်များနှင့် သင်တန်းသား ၁၃၇ ဦး စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၅ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** **ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ | |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | | **သုတေသန** - ဇင်မာဝင့် | |
| | | **စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့ | |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့ | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အချက်အပြုတ် ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စားဖွယ်စုံလင် ပြည်တစ်ခွင်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုများကို ဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာ ယဉ်ကျေးမှု (Food Culture) သည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသကဲ့သို့ ထူးခြားပြီးအရသာရှိလှသည့် ရိုးရာအစားအစာများကို





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဖြစ်သည့် မြန်မာ့ရိုးရာအစားအသောက်များကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွား ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသောအနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာပိုင်ဆိုင်ထားသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားပြီး ဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင်ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်နိုင်မည် ဆိုပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဒေသအလိုက် ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ယနေ့ကာလတွင် အစားအသောက်ကို အကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်း တစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်လာသည်ကို တွေ့ရကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီး သိစေနိုင်မည့် အစားအစာများကို ဖော်ထုတ်မြှင့်တင် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ အနေဖြင့်လည်း ထင်ရှားကျော်ကြားသည့် မြန်မာ့လက်ဖက်၊ ထမနဲ စသည့်ရိုးရာအစားအစာများကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ ရိုးရာ အစားအစာများကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ရာရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင် လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက်အကျိုးကျေးဇူးရရှိစေနိုင်မည် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရာလည်း ရောက်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျမြှင့်တင်ဆောင်ရွက်ကြရန်အတွက် ယခုကဲ့သို့ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲကို စီစဉ်ကျင်းပရခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲများမှတစ်ဆင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ အရသာရှိရှိချက်ပြုတ်ပြီး သန့်သန့်ရှင်းရှင်း၊ ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံနိုင်ရန် ပြင်ဆင်တင်ဆက်မှုများ၊ စားဖိုမှူးများ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဝင်စားစရာကောင်းသည့် မြန်မာ့ရိုးရာအစားအစာများမှတစ်ဆင့် မြန်မာနိုင်ငံကို နိုင်ငံတကာခရီးသွားများ ပိုမိုသိရှိပြီး လာရောက် လည်ပတ်စေရန်အတွက် အထောက်အကူပြုဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲနှင့်ပြပွဲ အစီအစဉ်ကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်၌ နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာ အဆင့်မီ ချက်ပြုတ်တည်ခင်း ဧည့်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်အစားအစာများ၊ ကော်ဖီ၊ လက်ဖက်စသည့်ထုတ်ကုန်များကိုပါ တစ်နေရာတည်းတွင် ဝယ်ယူ စားသောက်နိုင်အောင် စီစဉ်ထားသည်ကို တွေ့ရှိရကြောင်း၊ အခမ်းအနား တက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ရိုးရာ အစားအစာများ၏ ထူးခြားသည့် အရသာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို သိရှိခံစားနိုင်မည့် အခွင့်အရေးကောင်း တစ်ရပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

- ဒေသအလိုက် ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာ
- ယနေ့ကာလတွင် အစားအသောက်ကို အကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်း တစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်လာသည်ကို တွေ့ရ
- အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန်တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက်ရှိ

ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အခမ်းအနား ဖြစ်မြောက်အောင် Main Sponsor၊ Gold Sponsor နှင့် Sliver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲယှဉ်ပြိုင်နေမှုရုပ်သံကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့်အခမ်းအနားတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင် အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၂၀ ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်၌ တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျောင်းကုန်းဆိပ်ကြီးကျေးရွာရှိ သန်လျင်မြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် IGE Land Co.,Ltd. မှ Chief Operation Officer ဦးကျော်သက်က ရုံးအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို သန်လျင်မြို့နယ် တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ် တရားသူကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံနှင့် (၄၇) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌ ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်၏ သဘာပတိဖြစ်သူ တရားသူကြီးချုပ် H.E.Mr. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံ၊ (၄၇) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီ အစည်းအဝေးနှင့် အာဆီယံဥပဒေရေးရာညီလာခံ ၂၀၂၆ တို့သို့ မြန်မာနိုင်ငံ အာဆီယံ ဥပဒေပညာရှင်အသင်း၏ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် အာဆီယံ ဥပဒေပညာရှင်များအသင်း နာယက H.E Tun Tengku Maimum binti Tuan Mat က လည်းကောင်း၊ အာဆီယံ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် H.E Nararya S. Soeprapto က လည်းကောင်း၊ ထိုင်းနိုင်ငံ အာဆီယံ ဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌ ထိုင်းနိုင်ငံ တရားလွှတ်တော်၏ သဘာပတိဖြစ်သော တရားသူကြီးချုပ် H.E.Mr. Adisak Tantiwong က လည်းကောင်း အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် အာဆီယံ ဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌများ၊ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာ ဝန်ကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်သည်။




မြန်မာနိုင်ငံ အာဆီယံ ဥပဒေပညာရှင်အသင်း၏ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အာဆီယံဥပဒေညီလာခံ ၂၀၂၆ ၏ ခေါင်းစဉ်မှာ "ပြည်သူလူထု၊ ကမ္ဘာ၊ လက်တွဲပူးပေါင်းမှု" (People. Planet. Partnership) ဖြစ်ကြောင်း၊ အဆိုပါညီလာခံ၌ အာဆီယံနိုင်ငံများအလိုက် သရုပ်ပြ တရားခွင်ပြိုင်ပွဲများ ကျင်းပခြင်း၊ အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့အပြင် အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံနိုင်ငံများအကြား လိုက်လျောညီညွတ်မှုရှိစေရေးနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ အာဆီယံဥပဒေပညာရှင်များအသင်းနှင့် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးအား ပူးတွဲကျင်းပခြင်း၊ ထို့ပြင် ဥပဒေရေးရာခေါင်းစဉ်များအလိုက် ဥပဒေနှင့် လိင်ခွဲခြားမှုမရှိခြင်း၊ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥပဒေနှင့် စီးပွားရေး၊ ဥပဒေနှင့် နည်းပညာစသည့် ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ အခမ်းအနားနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်မှ တရားရေးနှင့် ဥပဒေပညာရှင်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ တက္ကသိုလ်များမှ ဥပဒေရေးရာပညာရှင်များ၊ ဥပဒေကျောင်းသား ကျောင်းသူများအကြား ဥပဒေရေးရာစိန်ခေါ်မှုများ၊ ဥပဒေပြဿနာများကို ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်၍ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံဥပဒေပညာရှင်များအသင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များ အသင်းဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ အာဆီယံဥပဒေပညာရှင်များအသင်း၏ အခမ်းအနားများ၊ အစည်းအဝေးနှင့် အစီအစဉ်များတွင် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရ၏ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများအား ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားထားရသော ဥပဒေအရာရှိများ ဖြစ်စေရန်၊ ဖြောင့်မတ်မှန်ကန်၍ မျှတသော တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ ထုတ်ပြန်လိုက်နာ ကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ပြေးဥပဒေရုံးများ (Pilot Law Office)မှ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ရပ်အနေဖြင့် ပြည်သူများ ယုံကြည်ကိုးစားမှုရရှိရန်လည်း အရေးကြီးသဖြင့် "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေ ယုံကြည်ချက်" ခေါင်းစဉ်ဖြင့် မဟာဗျူဟာစီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သုံးခွမြို့နယ်၌ စိုက်ပျိုးရေးဆေးဆိုင်နှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များ စစ်ဆေး

**သုံးခွ ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့ပေါ် ရပ်ကွက်များရှိ စိုက်ပျိုးရေးဆေးဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင်များကို တာဝန်ရှိသူများက ဇူလိုင် ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးမြင့်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပိုးသတ်ဆေးများကို စနစ်တကျ ထုပ်ပိုး သိုလှောင် ရောင်းချခြင်းရှိ/မရှိ၊ သတ်မှတ်ဈေးဖြင့် ရောင်းချခြင်းရှိ/မရှိ စစ်ဆေးပြီး ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**❖ သဖန်းဆိပ်မှ**

"အခုနှစ်မှာ သဖန်းဆိပ်ဆည်ရဲ့ ရေသိုလှောင်ထားတဲ့အခြေအနေအရ မိုးစပါးလျာထားဧက ပြည့်မီအောင် ဆည်ရေပေးဝေနိုင်မှာဖြစ်ပေမယ့် ပန်းတိုင်အထွက်နှုန်းရဖို့အတွက် စိုက်ပျိုးမြေရိယာတွေကို တူးမြောင်းကတစ်ဆင့် စိုက်ပျိုးရေပေးဝေတာပါ။ အဲဒီလို ပေးဝေရာမှာ တချို့ရေပေးမြောင်းတွေမှာ ပေါင်းပင်တွေ၊ ဒိုက်အမှိုက်တွေ ပိတ်တဲ့အတွက် တူးမြောင်းထဲမှာ လိုအပ်တဲ့ရေပမာဏအပြည့် ပေးဝေနိုင်ဖို့ ရေသွားလမ်းရှင်းတဲ့လုပ်ငန်းတွေနဲ့ သဲနုန်းတူးဖော်ပြီး ပုံစံကျပြန်လည်ပြုပြင်တဲ့ လုပ်ငန်းတွေရှိသလို ရေပေးဝေရေးအထောက်အကူပြု အဆောက်အအုံပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို လုပ်ငန်းလိုအပ်ချက်နဲ့အညီ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကောင်းမြတ်အောင်က ပြောသည်။

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် ဇူလိုင် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ရေပမာဏ ၁၄၅၀၀၀၀ ဧကပေ ပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိပြီး မိုးစပါးစိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့်အပြင် လာမည့်နွေစပါးနှင့် နွေသီးနှံများအတွက်ပါ စိုက်ပျိုးရေ တစ်စိတ်တစ်ပိုင်းသိုလှောင်ထားရှိနိုင်မည်ဖြစ်သည်။

၂၀၀၁ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော သဖန်းဆိပ်ရေလှောင်တမံ အလျားသည် ၂၂၅၈၇ ပေရှိပြီး အဓိကမြောင်းမကြီးလေးမြောင်းမှ တစ်ဆင့် ခရိုင်ငါးခု၊ မြို့နယ် ကိုးခုရှိ စိုက်ပျိုးမြေဧက ငါးသိန်းနီးပါးအတွက် နှစ်စဉ် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ မြောင်းအဆုံးရှိ ရွှေဘိုမြို့ မဟာနန္ဒာကန်တော်သို့လည်း မြို့လူထု ရှစ်သောင်းကျော်အတွက် နေ့စဉ်ရေဂါလန် ၂၂သိန်းခန့် သောက်သုံးရေဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**○ ချင်းပြည်နယ်မှ**

ယနေ့တွင် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးပို့ထောက်ပံ့သော ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန် ခြောက်မျိုးပါ အထုပ် ၁၃၂ ထုပ်၊ ဂျပ်ဖာ ၁၄၅ ဖာ၊ စားဆီ ငါးလီတာဘူး ၃၆၈ ဘူးနှင့် နှစ်လီတာဘူး ၁၅ ဘူး စုစုပေါင်း အလေးချိန် ၇၅၉၀ ကီလိုဂရမ်သည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ ရောက်ရှိသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့်အတူ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်



နေပြည်တော် ဇူလိုင် ၂၅

၂၀၂၆ ခုနှစ် မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းနှင့် ချင်းတွင်းလမ်းထောင့်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး ကံ့ကော်ပင်အား စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ တမလန်း၊ ခရေ၊ ကံ့ကော်၊ ရေတမာ၊ ယမနေ၊ မဟော်ဂနီနှင့် ဆီးသပြေအပင် ၁၅၀၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၀ တောင်သူဦးငွေဇင်နောင်၏ စိုက်ကေ ၆ ဒသမ ၀၀ ကေ၌ မိုးစပါးရောမင်းစပါးမျိုးအား နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးမှု၊ လယ်ဝေးမြို့နယ် ပုဏ္ဏမီဂုဏ်ဝေ သီလရှင်ကျောင်းတိုက်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှကြီးကြပ်၍ အထူးကုဆရာဝန်ကြီးများပါဝင်သောနယ်လှည့်ဆေးကုသရေးအဖွဲ့က သီလရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဆေးကုသပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် စည်ပင်ဒေသ်ရိပ်သာ(၂)ဂိတ်(၁) အဝင်လမ်း ငလိုက်ချောင်း၏ လက်တံမြောင်းရေတိုက်စားမှုကြောင့် အရှည်ပေ ၃၀၊ အကျယ်ပေ ၅၀၊ အမြင့် ၁၆ ပေရှိ ကျောက်ကြီးစီနှစ်ပေါက်တွဲ Box Culvert ပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် MSME စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် MSME စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

## ဖြည့်ဆည်းဆောင်ရွက်

စကားဝိုင်း ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီအနေဖြင့် ထုတ်ကုန် တစ်ခုချင်းအလိုက် အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမီမီ ထုပ်ပိုးမှုစနစ်သို့ ပြောင်းလဲနိုင်ရေး၊ ခိုင်မာသည့် ဈေးကွက်ရရှိရေး၊ ကုန်ကြမ်းပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ချေးငွေရရှိရေးနှင့် ထုတ်ကုန်နည်းပညာ တိုးတက်စေရေးတို့ကို ဘက်ပေါင်းစုံမှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအတွင်းမှ MSME လုပ်ငန်းရှင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေး ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အခြေပြုပြီး MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ ပြည်ပသွင်းကုန်အစားထိုး တိုးတက်ထုတ်လုပ်နိုင်ရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၂၅

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးများနှင့်အတူ လွိုင်ကော်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်နှင့် မြို့နာမ်စေတီတော်၌ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများနှင့် စည်ပင်သာယာရေး ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ Concrete Pave Shoulder လုပ်ငန်းဆောင်ရွက်နေမှု၊ ထေးသမရပ်ကွက် ဒွေးမယ်နော်လမ်းနှင့် ကျောင်းသားကွင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချိကယ်ဘုန်းတော်ကြီးကျောင်း၌ ယာယီနေထိုင်၍ ကျောင်း တက်ရောက်နေသည့် ဒေါတချား(ကယား) နှင့် ဒေါတချား (ပအိုဝ်း)ကျေးရွာမှ ကျောင်းသားကျောင်းသူများ နေထိုင်စားသောက်မှု အဆင်ပြေစေရေး ဆောင်ရွက်ပေးထားသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပုဇွန်တောင်မြို့နယ်၌ ကျောင်းတွင်း အာဟာရကျွေးမွေး

ပုဇွန်တောင် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။




အာဟာရ ကျွေးမွေးရာတွင် KGအရွယ်ကျောင်းသားကျောင်းသူ တစ်ဦးအတွက် တစ်နေ့တာ စွမ်းအင်လိုအပ်ချက်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်း၊ ၅၅၅ ကီလိုကယ်လိုရီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် မြို့နယ်အတွင်းရှိ မူလတန်းကျောင်းခုနစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်းနှင့် အထက်တန်းကျောင်းနှစ်ကျောင်းတို့ရှိ KG ကျောင်းသား ကျောင်းသူ ၁၈၀ အား ကျောင်းကျန်းမာရေး အာဟာရ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရေးမြို့နယ်၌ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအား မြေပေးမိန့်ပေးအပ်ပွဲ ကျင်းပ

ရေး ဇူလိုင် ၂၅

မွန်ပြည်နယ်၌ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများအတွက် မြေပေးမိန့်ပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်က ရေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ သူရဦးရန်နိုင်ဦးက မြေပေးမိန့် ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြေပေးမိန့်ပေးအပ်ပွဲကျင်းပခဲ့ရာ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးကျော်သူဝင်းက ပညာရေးဌာန မြေပေးမိန့်ကို မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအား လည်းကောင်း၊ (ခေတ္တ)ဥက္ကဋ္ဌ သူရဦးရန်နိုင်ဦးက ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ မြေပေးမိန့်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်အား လည်းကောင်း၊ ဌာနဆိုင်ရာရုံးများအတွက် မြေပေးမိန့်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးလွင်အားလည်းကောင်း စုစုပေါင်း မြေပေးမိန့် ၃၆ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**



# ကမ္ဘာ့ဈေးကွက်တွင် ပိုမိုအရေးပါလာသည့် ဓနိအခြေခံထုတ်ကုန်များ

ဒေါက်တာမောင်အောင်

ဓနိပင်များကို ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ချောင်းများတွင် တွေ့ရလေ့ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးနိုင်သည့် လမုတောဖြစ်၍ အရေးပါသည့်အပင်များဖြစ်သည်။

သဘာဝအရ ပေါက်သည်ဆိုသော်လည်း ကမ္ဘာတစ်ဝန်း အများဆုံးတွေ့ရသည်မှာ အာရှနိုင်ငံများတွင်ဖြစ်ပြီး အထူးသဖြင့် တစ်နှစ်ပတ်လုံးအပူချိန်မြင့်သည့် အရှေ့တောင်အာရှနိုင်ငံများ၏ ကမ်းခြေများတွင် အများဆုံးဖြစ်သည်။ အရှေ့တောင်အာရှ နိုင်ငံများအနက် အများဆုံးတွေ့ရသည့်နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံ စုစုပေါင်းဧရိယာ ဟက်တာ ခုနစ်သိန်း၊ ဒုတိယအများဆုံး မြန်မာနိုင်ငံ ဟက်တာ ငါးသိန်း၊ ထို့နောက်တွင် ပါပူအာနယူးဂီနီ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

လမုတော(Mangrove forest)ဖြစ်သည့် ဓနိပင်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သည့် ဂေဟစနစ်ကို ဖော်ဆောင်ပေးပါသည်။ ထို့အတူ ဓနိကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထပ်ဆင့်ပြုပြင်ထုတ်လုပ်ရောင်းချခြင်းဖြင့် ဓနိတောင်သူများအပါအဝင် ထပ်ဆင့်ပြုပြင်သူများ၊ ရောင်းဝယ်သူများအတွက် ဝင်ငွေဖန်တီးပေးနိုင်ခြင်း၊ အဆိုပါဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အပံ့ပြုခြင်းတို့ကြောင့် စီးပွားရေးအကျိုးကျေးဇူးလည်းရှိမည်ဖြစ်သည်။

ထို့ပြင် ဓနိအခြေခံထုတ်ကုန်များပြုလုပ်နိုင်ခြင်းကြောင့် အဆိုပါကျေးလက်နေပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ စသည့်လူမှုအကျိုးကျေးဇူးများကိုပါရရှိနိုင်သောကြောင့် အဆိုပါဒေသရှိကျေးလက်နေပြည်သူလူထုအတွက် အထူးအရေးပါသည်။

**ကျန်းမာရေးအထောက်အကူပြု ဓနိထုတ်ကုန်များ**

သဘာဝဓနိထုတ်ကုန်များသည် အချိုဓာတ်ပါဝင်မှုလျော့နည်းသလို သတ္တုဓာတ်ပါဝင်မှုများခြင်းကြောင့် ဓနိထုတ်ကုန်များမှာ ကျန်းမာရေးအထောက်အကူဖြစ်သည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ဓနိအခြေခံထုတ်ကုန်များ ပိုမိုအသုံးပြုလာခြင်းဖြစ်သည်။ ဓနိထုတ်ကုန်များသည် အပင်မှရသည့် သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်း (Polyphenol နှင့် Antioxidant) ပေါကြွယ်သည့်အတွက် နှလုံးရောဂါ၊ ကျောက်ကပ်၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ အဝလွန်ရောဂါ၊ ကိုယ်တွင်းအပူထိန်းညှိခြင်း၊ အဆိပ်အတောက်ရှင်းလင်းခြင်း၊ ခေါင်းကိုက်၊ သွားကိုက်အပါအဝင် ရောဂါ ၁၃ မျိုးကို ကာကွယ်ပေးနိုင်သည့်အတွက် ဓနိထုတ်ကုန်များ ပိုမိုသုံးစွဲလာခြင်းဖြစ်သည်။

ထို့ပြင် ဓနိအခြေခံသည့် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ အီသနောလောင်စာဆီ၊ အစားအသောက်အမျိုးမျိုးစသဖြင့် အမျိုးပေါင်း ၁၀၀ ကျော်ထုတ်လုပ်နိုင်သည့်အတွက် အခြားလယ်ယာထုတ်ကုန်များထက် အသုံးဝင်မှုပိုမိုများပြားပါသည်။

**ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် အလားအလာ**

ကမ္ဘာ့ဈေးကွက်တွင် ဓနိထုတ်ကုန်များ၏ တန်ဖိုးမှာ WTO ၏စာရင်းများအရ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံခန့်ရှိပြီး အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်နိုင်ငံဖြစ်ပါသည်။ ထို့နောက်တွင် စပိန်၊ ဘယ်လ်ဂျီယံ၊ မက္ကဆီကို၊ ပိုလန်၊ နယ်သာလန်၊ ပြင်သစ်၊ အီဂျစ်၊ တူကီယဲနိုင်ငံစသည်တို့ရှိပြီး အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အနည်းငယ်စီ တင်ပို့လာနေကြပြီဖြစ်သည်။

ဓနိထုတ်ကုန်များကို အများဆုံးဝယ်ယူသူမှာ



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ရှိ ဓနိဖက်ထိုးခြင်းလုပ်ငန်းတစ်ခုကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ထို့နောက်တွင် ဗြိတိန်၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ တောင်ကိုရီးယား၊ ကနေဒါနိုင်ငံတို့ဖြစ်သည်။ ယခုအခါ ဓနိထုတ်ကုန်များသည် ကျန်းမာရေးအထောက်အကူပြုသည့် ကုန်စည်များအဖြစ်ပိုမိုသိရှိလာမှုကြောင့် ချမ်းသာသည့်နိုင်ငံများအနေဖြင့် ဓနိထုတ်ကုန်များအား ယခင်ကထက် အသုံးပြုလာနေရာ သဘာဝအရင်းအမြစ် ဓနိတောပေါကြွယ်သည့် အရှေ့တောင်အာရှနိုင်ငံများအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ဓနိအခြေခံထုတ်ကုန်များ ထုတ်လုပ်နေကြသော်လည်း အများစုမှာ ပြည်တွင်းဈေးကွက်ကိုသာရည်ရွယ်၍ ထုတ်လုပ်မှုကသာများနေပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့အနေဖြင့် ပြည်ပဈေးကွက်သို့

> ❛ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှားပြီးလျှင် ဒုတိယဓနိပေါကြွယ်ဝသည့်နိုင်ငံဖြစ်၍ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားနှင့် ဈေးနှုန်းမြင့်မားသည့် ဓနိအခြေခံထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဆိုလျှင် အကျိုးများစွာရှိမည်ဖြစ်သည်။ ဓနိပင်များကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရပြီး စုစုပေါင်း ဧရိယာအနေဖြင့် ဟက်တာငါးသိန်းဝန်းကျင်ရှိသည်ဟု ခန့်မှန်းထားသည့်အတွက် တန်ဖိုးမြင့် ဓနိထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုလျှင် အဆိုပါဒေသရှိပြည်သူလူထုအတွက် စီးပွားရေး၊ လူမှုရေး၊ အကျိုးကျေးဇူးများသာမက ကမ်းရိုးတန်းများ၏ဂေဟစနစ်ကို ထိန်းသိမ်းပေးသည့် Mangrove Forest များ ရေရှည်တည်တံ့နိုင်ရေးအတွက်ပါ အကျိုးပြုမည် ❜

ထုတ်လုပ်တင်ပို့နေပြီဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်မူ ဓနိဖူးလက်ဖက်ခြောက်များ တင်ပို့မှုအနည်းငယ်သာရှိသည်။ လက်ငင်းကာလများအတွင်း ဝယ်ယူသုံးစွဲမှု သိသိသာသာတိုးလာသည့် ဈေးကွက်များမှာ တောင်အမေရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အချို့အာဖရိကနိုင်ငံများဖြစ်သည်။

**ဓနိအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ**

သဘာဝကုန်စည်ဖြစ်သည့် ဓနိပင်မှထုတ်ကုန်အမျိုးမျိုးပြုလုပ်နိုင်သည့်အတွက် အရေးပါသည့်အပြင် အော်ဂဲနစ်ဖြစ်ခြင်း၊ အချိုဓာတ်ပါဝင်မှုနည်းပြီး သတ္တုဓာတ်ကြွယ်ဝသည့်အတွက် ဓနိအခြေခံစားသောက်ကုန်များ ပို၍အရေးပါလာရခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ဓနိထုတ်ကုန် ဓနိဖူးများကို လက်ဖက်ခြောက်အဖြစ်အသုံးပြုခြင်း၊ ဓနိရည်များကို ရှလကာရည်၊ ဓနိထန်းလျက်၊ ဓနိသကြား၊ (သကြားရည်၊ သကြားပွင့်၊ သကြားခဲ)၊ အလှကုန်နှင့် ပရဆေးအမျိုးမျိုး၊ ဓနိရည်ကိုကျိုချက်ခြင်းဖြင့် ဇီဝလောင်စာဆီ စသဖြင့် ထုတ်ကုန်အမျိုးမျိုးပြုလုပ်နိုင်ပါသည်။

လက်တွေ့တွင်မူ အများဆုံးတွေ့ရသည့် ဓနိထုတ်ကုန်များအနက် ဓနိသကြားသည် အခြားသောထုတ်ကုန်များထက် ပိုမိုများသည့်အပြင် ကမ္ဘာ့ဈေးကွက်တွင်လည်း ပိုမိုသုံးစွဲလာမှုကြောင့် အလားအလာကောင်းများ ရှိနေပါသည်။ ထို့ပြင် ယခုကဲ့သို့ ရုပ်ကြွင်းလောင်စာဆီအခက်အခဲများရှိလာမှုကြောင့် ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့် လယ်ယာကုန်စည်များအပေါ် ယခင်ကာလများထက် နိုင်ငံတိုင်းပိုမိုအလေးထားလာမှုကလည်း သဘာဝအရင်းအမြစ် ဓနိပေါများသည့်နိုင်ငံများအနေဖြင့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဇီဝလောင်စာဆီထုတ်လုပ်ခြင်းကို အများဆုံးလုပ်ဆောင်နေပြီး ကျန်နိုင်ငံများလည်း ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားနေကြသည့်အချိန်ဖြစ်ပါသည်။

**နှိုင်းယှဉ်အရေးပါမှု ပိုများလာခြင်း**

ဓနိအခြေခံပြီး ဇီဝလောင်စာဆီထုတ်လုပ်ခြင်းသည် အခြားသော ဇီဝလောင်စာဆီ ချက်လုပ်နိုင်သည့် လယ်ယာထုတ်ကုန်များ (ကြံ၊ ပြောင်း) စသည်တို့ထက် အထွက်နှုန်း သိသိသာသာများနေခြင်းကလည်း ဓနိကိုပို၍ဦးစားပေးခြင်းဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် ကြံတစ်ဟက်တာစိုက်ပျိုးထုတ်လုပ်မှုမှ အီသနောအထွက် လီတာ ၅၀၀၀ မှ ၇၀၀၀ ဝန်းကျင်၊ ပြောင်းဆိုလျှင် လီတာ ၄၅၀၀ မှ ၅၀၀၀ ဝန်းကျင်သာ ရရှိနိုင်သော်လည်း ဓနိဆိုလျှင် လီတာ ၇၀၀၀ မှ ၁၂၀၀၀ အထိ ရရှိနိုင်သောကြောင့် အခြားလယ်ယာကုန်စည်များထက် သိသိသာသာများပါသည်။ ထို့ပြင် ဇီဝလောင်စာဆီချက်လုပ်ခြင်းမှ ထွက်ပေါ်လာသည့် ကြိတ်ဖတ်များကိုလည်း သဘာဝမြေဩဇာအဖြစ်အသုံးပြုနိုင်ပါသည်။

ထို့အတူ ဓနိအခြေခံစားသောက်ကုန်အမျိုးမျိုးရှိသော်လည်း အရေးပါဆုံးမှာ ဓနိသကြားဖြစ်ပြီး ပုံစံအားဖြင့် အရည်၊ အပွင့်နှင့် အခဲဟူ၍ သုံးမျိုးရှိသည်။ လေ့လာမှုများအရ ဓနိအခြေခံသကြားများ၏ ကမ္ဘာ့ဈေးကွက်တန်ဖိုး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံရှိပြီး တောက်လျှောက်ဝယ်လိုအားတိုးလာမှုကြောင့် ၂၀၂၅ ခုနှစ်နှင့် ၂၀၃၄ ခုနှစ်အကြားတွင် တိုးတက်မှုနှုန်း ၇ ဒသမ ၂ ရာခိုင်နှုန်း ရှိနိုင်သည့်အတွက် ၂၀၃၄ ခုနှစ်တွင် ဈေးကွက်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၅၇ ဘီလီယံရှိလာမည်ဖြစ်သည်။

လယ်ယာစားသောက်ကုန်များအနက် မြင့်မားသည့် တိုးတက်နှုန်းရှိသည့်အတွက် ဓနိတောကြွယ်ဝသည့်နိုင်ငံများအတွက် ကြီးမားသည့်အခွင့်အလမ်းပင်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ ဓနိသကြားသည် သဘာဝအခြေခံအော်ဂဲနစ်ထုတ်ကုန်ဖြစ်၍ အခြားအချိုဓာတ်များသည့် refined sugar များ နေရာတွင် စားသုံးသူများအနေဖြင့် အစားထိုးဝယ်ယူမှုပိုများလာခြင်းနှင့် လူထုအကြား ဓနိသကြားစားသုံးခြင်းက ကျန်းမာရေးအထောက်အကူပြု အာဟာရအကျိုးကျေးဇူးရှိမှုကို ပိုမိုသိရှိလာမှုကြောင့်ဖြစ်သည်။

မြင့်သာသည့် အကြောင်းရင်းမှာ ဓနိသကြားသုံးစွဲခြင်းသည် ဆေးသကြား၊ ကြံသကြားများနှင့် နှိုင်းယှဉ်လျှင် သဘာဝအတိုင်းထပ်ဆင့်ပြုပြင်မှုအနည်းဆုံးဖြင့်ပြုလုပ်ထားခြင်းဟုဆိုရသည့် ပါဝင်ပစ္စည်းများနှင့် ထုတ်လုပ်မှုနည်းလမ်းများပါ ပွင့်ပွင့်လင်းလင်းရှိသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့အတွက် ကမ္ဘာ့ဈေးကွက်တွင် ကြံသကြား တစ်ကီလိုဂရမ်၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ မှ ၂ ဒသမ ၀ အကြား၊ အုန်းသကြားမှာ ဒေါ်လာ ၈ ဒသမ ၀ မှ ၁၂ ခန့်ရှိသော်လည်း ဓနိသကြားမှာ ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာအတွင်းရှိသည့်အတွက် နှိုင်းယှဉ်ဈေးနှုန်း သိသိသာသာမြင့်ပါသည်။

ဓနိသကြားတွင် သကြားရည်၊ သကြားပွင့်နှင့် သကြားတုံးဟူ၍ သုံးမျိုးရှိသည့်အနက် သကြားပွင့်သည် အသုံးအများဆုံးဖြစ်ကာ ၂၀၂၅ ခုနှစ်၏ စာရင်းအရ စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းရှိပြီး ဓနိသကြားရည်အသုံးပြုမှုမှာ ၃၈ ဒသမ ၅ ရာခိုင်နှုန်း၊ သကြားခဲအနေဖြင့် အသုံးပြုမှု ၁၉ ဒသမ ၅ ရာခိုင်နှုန်း သာရှိပါသည်။

ဓနိသကြားသည် သဘာဝအချိုဖြစ်၍ သကြားလုံး၊ ချောကလက်၊ ယိုအမျိုးမျိုး စသည့် အချိုဓာတ်လိုသည့် စားသောက်ကုန်များ၊ အချိုရည်များ၊ မုန့်ဖုတ်လုပ်ငန်း စသည်တို့တွင် ကြံသကြားများနေရာ၌ ဓနိသကြားများကိုပို၍ အစားထိုးအသုံးပြုလာနေကြပြီဖြစ်သည်။ ထို့အတူ ဆေးဝါးအမျိုးမျိုးထုတ်လုပ်မှုတွင်လည်း ဓနိသကြားကို ယခင်ကထက်အသုံးပြုလာခြင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ မိရိုးဖလာတိုင်းရင်းဆေးများ ဖော်စပ်ရာတွင် ပိုမိုအသုံးပြုလာကြပါသည်။

စာမျက်နှာ ၇ သို့ ❂



## ဧရာဝတီတိုင်းဒေသကြီးမှ နှစ်စဉ်ပြောင်းတန်ချိန် ၁၄၀၀၀၀ ကျော်ထွက်ရှိ

**ပုသိမ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်း ဒေသကြီးတွင် ပြောင်းစိုက်ပျိုးမြေဧက ၄၀၀၀၀ ကျော်ရှိပြီး နှစ်စဉ်ပြောင်းတန်ချိန် ၁၄၀၀၀၀ ကျော် ထွက်ရှိသည့်အတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်ပါ တင်ပို့နိုင်ရန် အရည်အသွေးမြင့် ပြောင်းများ ပိုမိုစိုက်ပျိုးသွားရန် လိုအပ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ချောင်းသာမြို့ Golden Bay ဟိုတယ်၌ ကျင်းပသည့် ၂၀၂၅-၂၀၂၈ သက်တမ်း (ပထမအကြိမ်) ဧရာဝတီတိုင်းဒေသကြီး ပြောင်းလုပ်ငန်းအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် ထွက်ရှိသည့်ကုန်များကို ပုသိမ်ဆိပ်ကမ်းမှ ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရေး၊ တိုင်းဒေသကြီးအတွင်း ပြောင်းစိုက်ဧက တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောင်းသာမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံအထောက်အကူပြု အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ပုသိမ်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အသက် (၂၁)နှစ်အောက် ရပ်ကွက်/ကျေးရွာနှင့် တိုက်နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် Chaung Tha FC အသင်းနှင့် Family Six FC အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဖလမ်းမြို့၌ အိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းတွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပစ္စည်းများဖြစ်စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ယာယီပြည်သူ့ဆေးရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေး ဝန်ထမ်းများက ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီးအားပေး စကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ရပ်ကွက်များ၌ ပြန်လည် ဝင်ရောက်နေထိုင်သော ဒေသခံပြည်သူများ၏ နေအိမ်များကို သွားရောက်ပြီး နိုင်ငံတော်မှ ထောက်ပံ့သော အခြေခံလိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေး ပစ္စည်းများနှင့် စားရေရိက္ခာများရရှိမှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ဒေသခံပြည်သူများက ဝိုင်းဝန်းပြုပြင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေရပ်စွန့်ခွာ၍ ပြန်လည် ဝင်ရောက်လာသည့် ပြည်သူများအား လိုက်လံနှုတ်ဆက်ပြီး နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ခဲ့မှုအခြေအနေကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်လုံခြုံရေးစစ်ဆေး

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ Denko၊ Max စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်လုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြသည်။

**အသိပညာပေး ဟောပြော**

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များ၌ ထားရှိသော မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးကာ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

❂ စာမျက်နှာ ၆ မှ

ကမ္ဘာ့ဓနိသကြားဈေးကွက်တွင် အာရှပစိဖိတ်ဒေသသည် အများဆုံးသုံးစွဲသည့် ဈေးကွက်ဖြစ်ပြီး ဝင်ငွေတန်ဖိုးအားဖြင့် ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၈၃၅ သန်းရရှိပြီး စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းခန့်ရှိသည်။ တိုးတက်မှုအလားအလာကိုကြည့်လျှင်လည်း မြင့်မားသည့်တိုးတက်မှုနှုန်းရှိကြောင်း Growth market reports, 2025 က ဖော်ပြပါသည်။

### မြန်မာ့အတွက် အခွင့်အလမ်းများစွာရှိသည့် ဓနိထုတ်ကုန်များ

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှားပြီးလျှင် ဒုတိယဓနိပေါကြွယ်ဝသည့် နိုင်ငံဖြစ်၍ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားနှင့် ဈေးနှုန်းမြင့်မားသည့် ဓနိအခြေခံထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချနိုင်မည်ဆိုလျှင် အကျိုးများစွာရှိမည်ဖြစ်သည်။ ဓနိပင်များကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့ရပြီး စုစုပေါင်းဧရိယာအနေဖြင့် ဟက်တာ ငါးသိန်းဝန်းကျင်ရှိသည်ဟု ခန့်မှန်းထားသည့်အတွက် တန်ဖိုးမြင့် ဓနိထုတ်ကုန်များထုတ်လုပ်နိုင်မည်ဆိုလျှင် အဆိုပါဒေသရှိပြည်သူလူထုအတွက် စီးပွားရေး၊ လူမှုရေး၊ အကျိုးကျေးဇူးများသာမက ကမ်းရိုးတန်းများ၏ ဂေဟစနစ်ကို ထိန်းသိမ်းပေးသည့် Mangrove Forest များ ရေရှည်တည်တံ့နိုင်ရေးအတွက်ပါ အကျိုးပြုမည်ဖြစ်သည်။

အထူးသဖြင့် သဘာဝဓနိထုတ်ကုန်များ၏ ကျန်းမာရေးအထောက်အကူပြုမှုကို အထူးအလေးထားသည့် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ စားသုံးသူများ၏အသိအမှတ်ပြုလာမှုနှင့်အတူ ပိုမိုအသုံးပြုလာခြင်းကလည်း ဓနိတောများရှိသည့် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွက် စီးပွားရေး အခွင့်အလမ်းကောင်းပင်ဖြစ်သည်။ လက်တွေ့တွင်မူ ကမ္ဘာ့ဝယ်လိုအားကောင်းသည့် ဓနိထုတ်ကုန်များကို အခြားအရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ထုတ်လုပ်တင်ပို့နေကြပြီဖြစ်သော်လည်း မိမိတို့နိုင်ငံအနေဖြင့်မူ မလုပ်ဆောင်နိုင်သေးသည့်အတွက် ထုတ်ယူမသုံးစွဲနိုင်သေးသော ဖုံးကွယ်နေသည့်ထုတ်ကုန်များပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ဓနိနှင့်ပတ်သက်၍ ပြုလုပ်သည့်ထုတ်ကုန်များမှာ ဓနိရည်၊ ဓနိရှလကာရည် (ပအုံးရည်)နှင့် ဓနိရွက်များအား အမိုးအကာအဖြစ်ရက်ခြင်းကို အများဆုံးတွေ့ရပြီး ဓနိဖူးလက်ဖက်ခြောက်လုပ်၍တင်ပို့မှု စတင်နိုင်သော်လည်း ကျယ်ပြန့်မှုမရှိသေးပေ။ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းသည့် ဓနိသကြားထုတ်လုပ်ခြင်းနှင့် ဓနိအခြေပြု ဇီဝလောင်စာဆီ ထုတ်လုပ်မှုတို့မရှိသေးဘဲ လိုအပ်နေဆဲဖြစ်သည်။ ထုတ်ကုန်အများစုမှာ ဒေသတွင်းနှင့် ပြည်တွင်းဈေးကွက်ကိုသာဦးတည်ရောင်းချနေရဆဲဖြစ်ပြီး စားသုံးသူများအနေဖြင့် ဓနိ၏ကျန်းမာရေးအကျိုးကျေးဇူး သိရှိနားလည်မှု အားနည်းနေသေးသည့်အလျောက် ပြည်တွင်းဈေးကွက်မှာပင် ကျယ်ပြန့်စွာသုံးစွဲမှုမရှိသေးပေ။

သဘာဝအခြေပြုအော်ဂဲနစ်ထုတ်ကုန်များ ပိုမိုထွန်းကားလာရေးမှာ ယခုလိုအချိန်တွင် ပိုမိုလိုအပ်နေပြီး ကျယ်ပြန့်သည့်လုပ်ငန်းဖြစ်သည့်အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP)ဖြင့် ဆောင်ရွက်မည်ဆိုလျှင် အမြန်ထွန်းကားလာနိုင်သည့် လယ်ယာအခြေခံစီးပွားရေးလုပ်ငန်းဖြစ်ပေသည်။ အခြားလယ်ယာသီးနှံများထက် လူမှုစီးပွားရေး အကျိုးသက်ရောက်မှုသာမက ကမ်းရိုးတန်းများ၏ဂေဟစနစ်ဖြစ်သည့် Mangrove Forest ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမှာ အထူးအရေးပါပြီး စနစ်တကျထိန်းသိမ်းမှုကို စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် ထုတ်လုပ်မှုလုပ်ငန်းများပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့်ပတ်ဝန်းကျင်ကောင်းများ၊ သက်သာသည့် သယ်ယူထောက်ပံ့စရိတ် စသည်တို့ကိုဖော်ဆောင်ပေးမှသာလျှင် ပြည်တွင်း၊ ပြည်ပယှဉ်ပြိုင်နိုင်သည့် ထုတ်ကုန်များ ဖြစ်လာနိုင်ပါသည်။ သေချာသည့်အချက်မှာ ဓနိတောများထိန်းသိမ်းခြင်းဖြင့် ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်ကိုဖော်ဆောင်နိုင်ခြင်း၊ ဓနိအခြေပြုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အဆိုပါဒေသများရှိဒေသခံ ဓနိတောင်သူများ၊ ထပ်ဆင့်ပြုပြင်သူများ၏ ဝင်ငွေများနှင့် အလုပ်အကိုင်များဖန်တီးပေးခြင်းကြောင့် စီးပွားရေးကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်၍ ထိရောက်သည့် ကျေးလက်ဖွံ့ဖြိုးမှုနည်းလမ်းလည်း ဖြစ်ပေသည်။

အကယ်၍သာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ထုတ်လုပ်နိုင်လျှင် ယနေ့မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများ အခက်အခဲဖြစ်နေသည့် ရုပ်ကြွင်းလောင်စာဆီ အခက်အခဲကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်စွမ်းပေးနိုင်သည့် အစားထိုးလောင်စာဆီလည်းဖြစ်နိုင်ပါသည်။ ယနေ့ပြည်တွင်းစားသောက်ကုန်များတွင် ဓာတုဆေးဝါးအမျိုးမျိုးသုံးစွဲမှုကြောင့် ပြည်သူလူထု၏ကျန်းမာရေးကိုပါ ထိခိုက်လာနေသည့်အတွက် သဘာဝဓနိထုတ်ကုန်များကို အထူးအားပေးရမည့် အချိန်လည်းဖြစ်သည်။

အချုပ်ဆိုရသော် ပေါများစွာရှိသည့် သဘာဝကုန်ကြမ်းဓနိကို ထပ်ဆင့်ပြုပြင်တန်ဖိုးမြင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အဘက်ဘက်မှအခြေအနေကောင်းများနှင့် အချိန်အခါကောင်းရှိနေပြီဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ဆောင်သင့်သည့် လယ်ယာအခြေပြုလုပ်ငန်းပင်ဖြစ်ပါသည်။ ။

**ရည်ညွှန်းကိုးကား –**

**Green Policy Platform : Insight brief: Nipa Palm Books in the Ayeyarwady Region**
**https://www.greenpolicyplatform.org**

**Growth Market Reports : Nipa Palm Sugar Market Report 2025-2034**
**https://growthmarketreports.com**

**Myanmar itv : Products of Nipa Palm, 31 August 2022**

**Preprints.org : Sustainable supply chain mapping of Nipa Palm in Thailand (2024)**
**https://www.preprint.org**

**World Bank : Nipa Palm Products in the Ayeyarwady Region Value chain analysis 1 Nov 2020**

**W.T.O : World Trade Organization, trade news (up to date),**
**https://www.stat.wto.org**

## မြောင်းမြမြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်

မြောင်းမြ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ပြင်ရွာကျေးရွာအုပ်စု ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြေငှားဂရန်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ ခရိုင်နှင့်မြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ပြင်ရွာကျေးရွာအုပ်စု ကျေးရွာမြေငှားဂရန်လျှောက်ထားသူများအား မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မို့မို့(ပြန်/ဆက်)**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းသား ကျောင်းသူများ ဒေသငှက်ပျောမျိုးများ စုပေါင်းစိုက်ပျိုးမှု ကြည့်ရှုအားပေး

ဘားအံ ဇူလိုင် ၂၅

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်ဘားအံမြို့နယ် ကော့သိုက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ပိုင်ရမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဒုံရင်းအခြေခံပညာအထက်တန်းကျောင်းနှင့် ယင်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းတို့တွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် အဆိုပါကျောင်းများ၏စာသင်ခန်းများ၊ပရိဘောဂများ၊ သင်ထောက်ကူ ပစ္စည်းများနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ဒုံရင်းအခြေခံပညာ အထက်တန်း ကျောင်း၌ ကျောင်းသား ကျောင်းသူများ ဒေသငှက်ပျောမျိုးများ စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မကွေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မကွေး ဇူလိုင် ၂၅

မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဇူလိုင် ၂၃ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေး-ရေနံချောင်းလမ်းမှကန်သစ်ကျေးရွာလမ်း ကွန်ကရစ်ခင်းခြင်းကို တင်ဒါအောင်မြင်သည့် Ten Ten Myanmar Co., Ltd. မှ တင်ဒါအောင်မြင်ငွေကျပ်သန်း ၄၃၂ ဒသမ ၄၄၀ ဖြင့် ဇွန် ၁၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသွားပါက ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၁၃၅၄ စု၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၃၀၉ ဦးနှင့် စိုက်ပျိုးဧက ၈၈၄ ဒသမ ၃၁ ဧကတို့အတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူကောင်းမွန်လာပြီး လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်သည့် အကျိုးကျေးဇူးများဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကျင်းပ



မန္တလေး ဇူလိုင် ၂၅

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

**ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် ထည့်ဝင်ကြေးပေးသွင်းလျက်ရှိသည့် မြစ်ငယ်မီးရထားမှ အာမခံအလုပ်သမား ဒေါ်မော်မော်လွင်သည် အလုပ်တွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ငွေကျပ် ၄၃၂၀၀၀၀ ကို ခင်ပွန်းဖြစ်သူ ဦးချစ်မင်းအောင်အား ထုတ်ပေးသည်။

ဆက်လက်၍ CB Bank မှ အာမခံအလုပ်သမား ဦးဝင်းအောင်သည် အလုပ်တွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ငွေကျပ် ၁၆၈၀၀၀၀ ကို ဦးဝင်းအောင်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေပြည်သာမြို့နယ်၌ ကျောင်းကျန်းမာရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဇော်အောင်၏ လမ်းညွှန်မှုဖြင့် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပဏာမမျက်စိစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**နေမျိုးထွန်း(ပြန်/ဆက်)**

## ရေဖြူမြို့နယ်၌ မျိုးစပါးနှင့် သွင်းအားစုများပေးအပ်

ရေဖြူ ဇူလိုင် ၂၅

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (သမဝါယမကဏ္ဍ) မိုးစပါးစိုက်ပျိုးရေးစီမံကိန်း၏ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူ ၁၂၇ ဦး၏ လယ်ဧက ၆၂၀ အတွက် ငွေကျပ်သိန်း ၁၅၅၀ နှင့်ညီမျှသော မျိုးစပါးနှင့်သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထက(ရေဖြူ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိဝင်းက စိုက်ဧကများ ပိုမိုအထွက်နှုန်း တိုးတက်ရေး မျိုးစပါးနှင့် သွင်းအားစုများပံ့ပိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ် ညောင်ချောင်းအခြေခံပညာအထက်တန်းကျောင်း၌ ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး

သထုံ ဇူလိုင် ၂၅

မွန်ပြည်နယ် သထုံမြို့နယ် ညောင်ချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ဒေသမျိုး ငှက်ပျောပင်များကို ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးကြသည်။

**စုပေါင်းစိုက်ပျိုး**

ထိုသို့ စိုက်ပျိုးရာတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေး၊ အထက(ညောင်ချောင်း) ကျောင်းအုပ်ဆရာကြီး ဦးဟိန်းထွဋ်လင်းတို့ဦးဆောင်သည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်း အကျိုးတော်ဆောင်များက ဒေသမျိုး ဖီးကြမ်းနှင့် သီးမွှေး ငှက်ပျောပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဖွင့်

ရွှေတောင် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ (ဂိုဏ်းပေါင်းစုံ) မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ နွားမယံရွာဦးကျောင်းဆရာတော်က အဖွင့်သြဝါဒကထာမိန့်ကြားသည်။



သင်တန်းသို့ သုဓမ္မာ ၅၈ ပါး၊ ရွှေကျင်တစ်ပါး၊ ဝေဠုဝန်ငါးပါးနှင့် မူလဒွါရတစ်ပါး စုစုပေါင်း သင်တန်းသား ဆရာတော် ၆၅ ပါး တက်ရောက်၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာများနှင့် စပ်လျဉ်း၍ သင်ခန်းစာများကို ပို့ချသင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ ဆက်)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်

2026 International Youth Day

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

" Different Contents, Common Aspirations "

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်နှင့် ဒေါက်တာ တင်ဌေးအိတို့သည် ဇူလိုင် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ် ပညာသင်ကျောင်း၊ အောင်မြေသာစံမြို့နယ် တရားရုံးအချုပ်ခန်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မြို့နယ်တရားရုံး အချုပ်ခန်းသို့လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မရဲစခန်း အချုပ်ခန်းနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရဲစခန်းအချုပ်ခန်းသို့ လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ ရဲစခန်းအချုပ်ခန်းများသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ထားသော ကလေးလူငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ခံစားပြုပြင်ရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးနိုင်ရေး အတွက် စနစ်တကျ ချမှတ်ဆောင်ရွက်ထားရှိမှု၊ တရားရင်ဆိုင်ဆဲအမှုများ ကြန့်ကြာမှု ရှိ၊ မရှိ အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှု၊ ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်/တွေ့ဆုံ/ပြန်လည်ပေါင်းစည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ စသည့်အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ရဲစခန်းအချုပ်ခန်းများနှင့် မြို့နယ်တရားရုံး အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးမှုစစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်

# မိုးစပါးစိုက်ပျိုးသည့် အသင်းသား တောင်သူများအား သွင်းအားစုပေးအပ်

ရေကြည် ဇူလိုင် ၂၅

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် သမဝါယမကဏ္ဍက တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါး စိုက်ပျိုးထုတ်လုပ်သော အသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက်တွင် ဆီဆုံကုန်းကျေးရွာ၌ ပြုလုပ်သည်။

ပေးအပ်ပွဲသို့ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများနှင့် အသင်းသား တောင်သူ ၃၀ တက်ရောက်ပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်ဝင်းက စီမံကိန်းဆောင်ရွက်ချက်နှင့် ပန်းတိုင်အထွက်တိုးစေရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အောင်နိုင်တိုး အထွက်တိုးမျိုး စိုက်ပျိုးသည့် အသင်းသား တောင်သူများအား တစ်ကေလျှင် ကျပ် ၁ ဒသမ ၅ သိန်းနှင့် ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အောင်သူဟန်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်မှုဇုန်(၁) ကြယ်ပျံစက္ကူစက်ရုံမှ အာမခံအလုပ်သမား ဦးကျော်ဇင်ထက်၏ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရမှုကြောင့် သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၂၀၀၀၀ ကို ဇူလိုင် ၂၃ ရက်တွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား၏ ကျန်ရစ်သူမိသားစုထံ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)






# စားအုန်းဆီများ အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ပဲခူး ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်းရှိ အကြော်နှင့် စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချခွင့်ပြုထားသည့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများ အမှန်တကယ်သုံးစွဲမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ဥသျှောင်မြို့သစ် ရပ်ကွက်ကြီး (၈/၉)ရှိ လှူဝကြီးစားသောက်ကုန်လုပ်ငန်း၊ အောင်တမန် စားသောက်ကုန်လုပ်ငန်းနှင့် Myanmar I-Like Food စားသောက်ကုန်လုပ်ငန်းတို့တွင် စားအုန်းဆီအသုံးပြု၍ ထုတ်လုပ်ထားသည့် အကြော်နှင့် မုန့်မျိုးစုံထုတ်လုပ်၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ . . .

ဇော်လင်း

**"အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများ မဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့်ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။

## နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်

၁၉၈၉ ခုနှစ် တပ်မတော်အစိုးရလက်ထက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်အဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲများ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ငြိမ်းချမ်းပြီဆိုသည်နှင့်တစ်ပြိုင်တည်း ကပ်ပါလာသည်က ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို စတင်ဖွဲ့စည်းကာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် ရုပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ (သို့တည်းမဟုတ်) အသိဉာဏ်ပိုင်းဆိုင်ရာဖြစ်စဉ်ဟု အကြမ်းဖျင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုစဉ်က နယ်စပ်ဒေသများတွင် လုပ်ငန်းကော်မတီဝန်ထမ်းများက ဖွံ့ဖြိုးရေးရုံးများ ဖွင့်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတစ်နံတစ်လျား နယ်စပ်ဒေသတစ်လျှောက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယနေ့အချိန်ကာလတွင် ဖွံ့ဖြိုးရေးရလဒ်များအဖြစ် လမ်းပေါင်းမြောက်မြားစွာ၊ တံတားပေါင်းမြောက်မြားစွာ၊ ပညာရေး၊ ကျန်းမာရေး စသော အခြေခံအဆောက်အအုံ မြောက်မြားစွာ၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး စသည်ဖြင့် ငြင်း၍ မရနိုင်သော အထောက်အထားများစွာက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးသမိုင်းကြောင်း တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာ တစ်နည်းအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းနေသည်ဟု ဆိုချင်ပါသည်။

ထိုမျှမက နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်း မရှိသောနေရာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ခြင်း စသော လိုအပ်နေသည့် ပညာရေးကွက်လပ်များအား ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ကျောင်း၊ အခြေခံပညာရပ်များအတွက် လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ အတွက် စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၇ ကျောင်းတို့ ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်းရင်းသားတို့၏ လူ့စွမ်းအားအရင်းအမြစ်များအား မြေတောင်မြှောက်ပေးနိုင်ခဲ့သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုများသည် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသောကြောင့် တစ်နည်းအားဖြင့် "ငြိမ်းချမ်းရေး"၏အဓိပ္ပာယ်ကို ပီပီပြင်ပြင် ဖွင့်ဆိုနိုင်သောကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်ကို စဉ်ဆက်မပြတ် မောင်းနှင်နိုင်ခဲ့ခြင်းဖြစ်သည်။

**"အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မအကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်"** ဟူသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာဖြစ်သည်။ ထိုမဟာဗျူဟာ ရည်မှန်းချက်အတိုင်း နယ်စပ်ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်နိုင်သကဲ့သို့ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

## အဓိကဒေါက်တိုင်ကြီးသုံးခုဖြင့် တည်ဆောက်

ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဒေါက်တိုင်ကြီး သုံးခုဖြင့် တည်ဆောက်ရသည်ဟု ဆိုကြသည်။ (၁) လူမှုရေးကောင်းမွန်မှု (Social)၊ (၂) စီးပွားရေးဖွံ့ဖြိုးမှု (Economic) နှင့် (၃) သဘာဝပတ်ဝန်းကျင် တည်မြဲမှု (Environment) တို့ဖြစ်သည်။ ဒေါက်တိုင်ကြီးများအနက် အခြေခံအကျဆုံး ဒေါက်တိုင်ဖြစ်သော လူမှုရေးကောင်းမွန်မှုသည် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ငြိမ်းချမ်းခြင်း စသော အင်္ဂါရပ်များမရှိဘဲ မဖြစ်နိုင်ပေ။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့တို့သည် အဏုမြူဗုံးအကြဲခံရပြီး ပြာပုံအတိဖြစ်ခဲ့ရသည်။ ထိုအခြေအနေမျိုးမှ မာရှယ်စီမံကိန်းဖြင့် ပြန်လည်ရုန်းထပြီး ၂၀ ရာစု အတွင်းမှာပင် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ဒေသဖွံ့ဖြိုးရေးအသိသညာ "Sustainable Regional Development Concept" က အရေးကြီးသောနေရာမှ ပါဝင်သည်။ ထိုအသိသညာတွင် အခြေခံအချက်ကြီး သုံးချက်ရှိသည်။ Disaster Management၊ Environmental Management နှင့် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော Human Security တို့ဖြစ်သည်။

## ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်

အကြမ်းအားဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုမရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများက သမင်မွေးရင်း ကျားစားရင်းနှင့် တည်ဆောက်ခဲ့သမျှ အပျက်သံသရာလည်နေမည်။ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုမရှိပြန်လျှင်လည်း ပျက်စီးရေးကို လက်ယပ်ခေါ်သလို ဖြစ်နေမည်။ အရေးကြီးသည်က လူသားလုံခြုံမှုဖြစ်သည်။ လူသားလုံခြုံမှုအတွက် ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန်လိုသည်။ ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုရှိနေရန် မဖြစ်မနေလိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် တည်ငြိမ်အေးချမ်းခြင်းဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း တည်ငြိမ်အေးချမ်းခြင်းအပေါ်တွင် တည်မှီနေကြောင်း ပြောလိုရင်းဖြစ်ပါသည်။

> **"အကြမ်းအားဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုမရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများက သမင်မွေးရင်းကျားစားရင်းနှင့် တည်ဆောက်ခဲ့သမျှ အပျက်သံသရာလည်နေမည်။ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုမရှိပြန်လျှင်လည်း ပျက်စီးရေးကို လက်ယပ်ခေါ်သလိုဖြစ်နေမည်။ အရေးကြီးသည်က လူသားလုံခြုံမှုဖြစ်သည်။ လူသားလုံခြုံမှုအတွက် ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန်လိုသည်။ ကြောက်ရွံ့ခြင်းမှလွတ်မြောက်ရန် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုရှိနေရန် မဖြစ်မနေလိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် တည်ငြိမ်အေးချမ်းခြင်းဖြစ်"**

ခေတ်အဆက်ဆက်အစိုးရများက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလိုသော စေတနာများရှိခဲ့ကြသည်။ ဆောင်ရွက်ပေးခဲ့ကြသည်။ သို့သော် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ နှစ်ပေါင်း ၇၀ ကျော်ကာလ ကြာမြင့်အောင် လက်နက်ကိုင်ပဋိပက္ခများ ရင်ဆိုင်နေရမှု၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ပြည်သူပိုင်လမ်းတံတား၊ အဆောက်အအုံများကို ဖျက်ဆီးမှုများက နိုင်ငံနှင့်ပြည်သူအား ဆင်းရဲနွံထဲသို့ တွန်းပို့မှုများ ကြုံခဲ့ကြရသည်။ နိုင်ငံချစ်သူများက တည်ဆောက်ပြုပြင်ကြသည်။ ကိုယ်ကျိုးစီးပွားအတွက် ဖျက်ဆီးသူကလည်း ဖျက်ဆီးရက်ကြသည်။

**မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အသက်တမျှအရေးကြီးလှသည်။ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၊ ကိုလိုနီလက်အောက်တွင် ကာလကြာရှည်ခဲ့ရခြင်း၊ လွတ်လပ်ရေးရရှိပြီးနောက် တည်ငြိမ်အေးချမ်းမှုအားနည်းခဲ့ရခြင်းများကိုလည်း ကြုံတွေ့ခံစားခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တည်ဆောက်နိုင်မှသာလျှင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။**

ရွေးကောက်ခံအစိုးရသစ်၏ ယခုကာလတိုအတွင်း ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့က ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ငြိမ်းချမ်းရေးကိစ္စသည် ထိပ်တန်းမှ ပါဝင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက ရင်ထဲက ခံစားချက်အတိုင်း **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကို လိုချင်ပါတယ်"**ဟု ပြောကြားခဲ့သည်။ တစ်ဆက်တည်း PDF အဖွဲ့များနှင့် ပတ်သက်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေး ဖိတ်ခေါ်ထားပြီး NCA လက်မှတ်ရေးထိုးထားသော အဖွဲ့များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုလုပ်ထားသောအဖွဲ့များအားလည်း တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ရန် ဖိတ်ခေါ်ထားကြောင်း တွေ့ရှိရသည်။

## ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာ ဖိတ်ခေါ်ကြောင်း ကြေညာချက်အား ဧပြီလ ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ဖိတ်ခေါ်ကြေညာချက်တွင် **"လေးနက်စွာ ဖိတ်ခေါ်အပ်ပါသည်"** ဆိုသည့် ဝိသေသလက္ခဏာ ထူးထူးခြားခြား ပါဝင်နေသည်။ ငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာ ပြင်းပြထက်သန်မှုကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

ရလဒ်အဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံလာသော KIA၊ AA၊ PLA အဖွဲ့များမှအဖွဲ့ဝင်များ၊ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကွာဟမှုရှိနေတဲ့နယ်မြေတွေ ကွာဟမှုမရှိအောင် လုပ်ပေးဖို့ ဒါကတော့ ကျွန်တော်တို့ မလွဲမသွေ ဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ် တာဝန်ယူတဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည် ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်။ ကျွန်တော် ၅ နှစ်အတွင်းမှာ တိုင်းပြည် ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

စာမျက်နှာ ၁၁ သို့ ❂



သန်လျင်မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးဖွင့်လှစ်သော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၃ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ပြုလုပ်ရာ အလှူရှင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိဥက္ကဋ္ဌ ဦးဌေးမိုးအား ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂသာမိ က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ သန်းဝင်း(သန်လျင်)

# ပထမအကြိမ် ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ကျင်းပ

**မူဆယ် ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ပထမအကြိမ် ကျင်းပသည့် ကျောင်းကောင်စီအသင်းလိုက် ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကို အထက(၂) စပါယ်ဆောင်ခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။



ဦးစွာ ပြိုင်ပွဲဝင်အသင်းများက ယှဉ်ပြိုင်ရန် မဲနှိုက်ကြပြီး ဒိုင်အဖြစ်ပါဝင်ကူညီ ဆောင်ရွက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ကျောင်းကောင်စီ အသင်း ငါးသင်းမှ အသင်းလိုက်အလှည့်ကျ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်အသင်းများအား ဓမ္မစကြာ အခါတော်နေ့တွင် ဆုများချီးမြှင့်မည်ဖြစ်သည်။

**တက်ရောက်**

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦး Mအောင်ဂျာ၊ မူဆယ်ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ ဝါးတစ်အုပ်တစ်မ စိုက်ပျိုး

**အုတ်တွင်း ဇူလိုင် ၂၅**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက ဝါးတစ်အုပ်တစ်မ သုံးဧက စိုက်ပျိုးခြင်းကို ယမန်နေ့က မြန်မာ့သစ်လုပ်ငန်းအမှတ်(၈၈) သစ်စက်ဝင်းအတွင်း၌ စိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်သူနှင့် ဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်းအမှတ်(၈၈) သစ်စက်မှ စက်ရုံမှူးမန်နေဂျာ ဦးကြီးမြင့်နှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၃၀ တို့က စုပေါင်း၍ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





# ဖလမ်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေး

**ဖလမ်း ဇူလိုင် ၂၅**

ချင်းပြည်နယ် ဖလမ်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖလမ်းမြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းကို ဇူလိုင် ၂၄ ရက်က ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူရိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စုစာရင်းတို့ကိုပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ၅၈ ဦးတို့အား မှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စု ၁၆ စုတို့၏ မှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စုစာရင်းတို့ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချရေး တောင်သူနည်းပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဓာတ်မြေသြဇာသုံးစွဲမှု လျှော့ချရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲ၊ ဘိုင်အိုချာပြုလုပ်သုံးစွဲနည်း အသိပညာပေးခြင်းများနှင့် စိုက်ပျိုးရေးအရောင်းဆိုင်များ စစ်ဆေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက



လေးထောင့်ကန်ရပ်ကွက် ဓမ္မာရုံ၌ ဆောင်ရွက်သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်ဦးက ဆွေးနွေးပွဲ ပြုလုပ်ရခြင်း အကြောင်းအရာများ၊ သီးနှံအထွက်နှုန်း တိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများ သိရှိလိုက်နာအသုံးပြုမှု အကြောင်းအရာများ ရှင်းလင်းဆွေးနွေး၍ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဦးမိုးခိုင်က ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေး ဓာတ်ကြွင်းလျှော့ချရေး၊ ဘက်စုံသီးနှံကာကွယ်ရေး နည်းပညာများ ရှင်းလင်းဆွေးနွေးပြီး တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်မြင့်မြင့်မော်က မြေအသုံးချရေးဌာန၏ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ တွဲဖက်အသုံးပြုခြင်း နည်းလမ်းများ၊ သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေသြဇာလျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများ၊ ဘိုင်အိုချာပြုလုပ်သုံးစွဲနည်းစနစ်များ၊ မြေဆီလွှာစစ်ဆေးခြင်းများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

❂ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အပေါ်ထားရှိသောစေတနာ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြထက်သန်မှုကို ထပ်မံ၍ ထင်ထင်ရှားရှား တွေ့မြင်လိုက်ရခြင်းပင် ဖြစ်သည်။

မတူကွဲပြားမှုများအကြား ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ဦးတည်နိုင်မည်ဖြစ်သည်။

ရွေးကောက်ခံအစိုးရသစ်၏ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် နွေးထွေးစွာလက်ကမ်းသော အဖွဲ့ပေါင်းများစွာ ရှိနေကြပါသည်။ ၂၀၂၆ ခုနှစ် ဇွန်လ ၁၇ ရက်တွင်

> **❛မတူကွဲပြားမှုများအကြား ဖြစ်ပေါ်ခဲ့သောပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသောလူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သို့ ဦးတည်နိုင်မည်❜**

လည်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် မိုင်းလားနှင့် ပန်ဆန်းမြို့တို့သို့ သွားရောက်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ၏ အဆင့်မြင့်ခေါင်းဆောင်များ၊ ဇွန်လ ၁၈ ရက်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၏ အဆင့်မြင့်ခေါင်းဆောင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။

ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်ဖြစ်သည်။ ရယူခံစားမည်မှာလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသာ ဖြစ်သည်။ နှစ်ပေါင်း ၈၀ နီးပါး ရှည်ကြာခဲ့လေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ လျှောက်လှမ်းရန်သည်လည်း လက်ရှိမျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်ဟု ဆိုရမည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအား ပြည်မဒေသများနှင့် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား ဆောင်ကြဉ်းရန် မဟာဗျူဟာများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို တူညီသောဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိနိုင်စေရန်ဟူသော အချက်သည်ပင်လျှင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည်။ အနာဂတ်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်အတွက် သားစဉ်မြေးမြစ်အား ပေးခဲ့ရမည့်လက်ဆောင်မွန်ဖြစ်သော ငြိမ်းချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဆီသို့ မမိုတ်မသုန် ချီတက်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၌ သတင်းရေးသားနည်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စီစဉ်ဖွင့်လှစ်သော သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၈) ပိုမိုကောင်းမွန်သော သတင်းရေးသားနည်းသင်တန်းဆင်းပွဲကို သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သင်တန်းဆင်းမိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က သင်ကြားရေးဆိုင်ရာများ သုံးသပ်ဆွေးနွေး၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး(၁) သင်တန်းမှူးဦးစိန်တိုးက သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချခဲ့ပြီး ပုဂ္ဂလိကသတင်းမီဒီယာများမှ သင်တန်းသား သင်တန်းသူ ၂၈ ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၉၅ ဦးတို့ တက်ရောက်ခဲ့ပြီး မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ နှစ်ဦးက Zoom စနစ်ဖြင့် အွန်လိုင်းမှ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စု နယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် ရပ်ကွက်အတွင်း ရှိ ပြည်သူများ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ကျည်တောင်ကန်)၌ ကျင်းပသည်။



ဦးစွာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဌာနမှူး ဦးသိန်းငွေအောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ခိုလှုံပေါက်ပွားနိုင်သော နေရာများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြည်သူများအား အသိပညာပေး ဟောပြောပြီး မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆေးရည်စိမ် ခြင်ထောင်နှင့် အသိပညာပေး ပိုစတာများကို ဖြန့်ဝေပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်း လူနေအိမ်များရှိ ရေလှောင်ကန်များကို အဘိတ် ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# ကျိုက်ထိုမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပွဲ ကျင်းပ

ကျိုက်ထို ဇူလိုင် ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပွဲကို ယမန်နေ့နံနက်ပိုင်းက တိုင်ကော်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က ကျိုက်ပိရွှေသောင်ကွင်း ဒီရေတောကြိုးပြင်ကာကွယ်တောတွင် သမဲ့ကြီးသစ်မျိုးပင် ၆၀၀ အား တိုင်ကော်ကျေးရွာသူ ကျေးရွာသားများကို ပေးအပ်ပြီး သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)နှင့် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက သာကေတမြို့နယ် အထက-၂(စက်၊ စိုက်၊ မွေး)၌ ကျင်းပသည်။



ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစောသက်ဇေအောင်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ခရိုင်ဦးစီးမှူး ဒေါ်နှင်းမာလာမိုး၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)မှ စစ်ဆေးရေးမှူး(၃) ဦးကျော်ဇေယျာထွန်းနှင့် အမှတ်(၃၇) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူးရုံး သာကေတမှ ဒုရဲမှူး မင်းမင်းအောင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိနားလည်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနေထိုင်တတ်စေရန်၊ သတိပြုလိုက်နာတတ်စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ လိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ KG ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးခြင်းကို ကျောက်တန်းမြို့နယ် တာပကျေးရွာ မူလတန်းကျောင်း၌ ဇူလိုင် ၂၄ ရက်က ဆောင်ရွက်စဉ်။ သန့်ဇင်ထွန်း

# အင်းစိန်မြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ School Meal Program အနေဖြင့် နိုင်ငံတော် အထောက်အပံ့ဖြင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် ဇူလိုင် ၂၄ ရက်က အထက(၆)၌ KG ကလေးငယ်များအား ကျောင်းတွင်းအာဟာရကျွေးမွေးခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနွေးအိလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ မြို့နယ် မိခင်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရများကို ချက်ပြုတ်ပြင်ဆင်၍ ကလေးငယ်များအား ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ⬬ စာပေမြင့်မှ လူမျိုးတင့်မည်**

## ဂျပန်နိုင်ငံ အရှေ့ပိုင်းရှိ မီနာမီတိုရီရှီးမားကျွန်းအနီး ပင်လယ်ကြမ်းပြင်မှ မြေရှားသတ္တုဒြပ်စင်များ တူးဖော်ရရှိ

တိုကျို ဇူလိုင် ၂၅

ဂျပန်နိုင်ငံ အရှေ့ပိုင်းရှိ မီနာမီတိုရီရှီးမားကျွန်းအနီး ပင်လယ်ကြမ်းပြင်မှ မြေရှားသတ္တုဒြပ်စင်များ တူးဖော်ရရှိခဲ့ကြောင်း ဂျပန်သုတေသီများက ပြောကြားခဲ့သည်။

မြေရှားသတ္တုဒြပ်စင်များသည် နည်းပညာမြင့် ထုတ်ကုန်များအတွက် အလွန်အရေးပါကြောင်း သိရသည်။

ဝန်ကြီးအဖွဲ့ရုံး၏ စမ်းသပ်စီမံကိန်းတစ်ခုအရ ပြီးခဲ့သည့်ဖေဖော်ဝါရီလက ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂျပန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အတွင်းမှ ရေအနက် မီတာ ၅၆၀၀ ခန့်ရှိ နေရာတစ်ခုမှ ရွှံ့နွံတန်ချိန် ၅၀ ခန့်ကို တူးဖော်ရယူခဲ့သည်။

သုတေသနအဖွဲ့ဝင်များက ၎င်းတို့၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုရလဒ်များကို ယနေ့ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သတ္တုများအနက် အစ်ထရီယမ်ဒြပ်စင်သည် ၂၉ ဒသမ ၉ ရာခိုင်နှုန်းဖြင့် မြေရှားသတ္တုဒြပ်စင် အများဆုံးပါဝင်နေပြီး ဒစ်စ်ပရိုစီယမ်မှာ ၄ ဒသမ ၆ ရာခိုင်နှုန်းပါဝင်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ အရှေ့ပိုင်းရှိ မီနာမီတိုရီရှီးမားကျွန်း၏ အလှကို ဝေဟင်မှ တွေ့ရစဉ်။

အစ်ထရီယမ်ဒြပ်စင်ကို တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် စက်ကိရိယာများတွင် အသုံးပြုကြပြီး ဒစ်စ်ပရိုစီယမ်ကိုမူ လျှပ်စစ်မော်တော်ယာဉ် မော်တာများအတွက် သံလိုက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

အစ်ထရီယမ်ဒြပ်စင်နှင့် ဒစ်စ်ပရိုစီယမ် အပါအဝင် အလတ်စားနှင့် အကြီးစား အမျိုးအစား မြေရှားသတ္တုများသည် အဆိုပါ ရွှံ့နွံများတွင် ပါဝင်သည့် သတ္တုအမျိုးအစားစုစုပေါင်း၏ ၅၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သုတေသီများက ဆိုသည်။

ရှားပါးသတ္တု ၁၇ မျိုးအနက် အလတ်စားနှင့် အကြီးစား အမျိုးအစားများသည် အခြားအမျိုးအစားများထက် ပိုမိုရှားပါးကြောင်း သိရသည်။

ရွှံ့နွံများထဲတွင် တွေ့ရှိရသည့် မြေရှားသတ္တုများ၏ စုစုပေါင်းပမာဏကိုမူ ၎င်းတို့က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

စီမံကိန်းအဖွဲ့အနေဖြင့် ရွှံ့နွံပမာဏ ပိုမိုများပြားစွာ ရယူနိုင်ရန်အတွက် လာမည့်နှစ် ဖေဖော်ဝါရီလတွင် အပြည့်အဝစမ်းသပ်တူးဖော်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စီမံကိန်းဒါရိုက်တာ အီရှီဆိုချီက ပြောကြားခဲ့သည်။

အဆိုပါ စမ်းသပ်တူးဖော်မှုများ လုပ်ဆောင်ပြီးနောက် စီးပွားရေးအရ ထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိကို အကဲဖြတ် သုံးသပ်သွားမည်ဖြစ်သည်။ တူးဖော်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် အလွန်တန်ဖိုးရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများအား လုံခြုံရေးအတွက် သတိထားကြရန် အမေရိကန်နိုင်ငံခြားရေးဌာနက တိုက်တွန်း

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံခြားရေးဌာနသည် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်နိုင်ငံသားများ၊ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိနေသည့် နိုင်ငံသားများအား ၎င်းတို့၏ လုံခြုံရေးအတွက် ပိုမိုသတိထားကြရန် ယမန်နေ့က တိုက်တွန်းခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်နေခြင်းကြောင့် လုံခြုံရေးအခြေအနေမှာ ရှုပ်ထွေးနေပြီး မမျှော်လင့်ထားသော အခြေအနေများ ပိုမိုဆိုးရွားလာနိုင်ခြေရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ခရီးသွားလာရေးဆိုင်ရာ သတိပေးချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသတွင်းနှင့် ဒေသပြင်ပရှိ အမေရိကန်သံတမန်ရေးရာ အဆောက်အအုံများသည် ပစ်မှတ်ထားခံရဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက သတိပေးထားသည်။

အီရန်ကို ထောက်ခံအားပေးသည့် အဖွဲ့အစည်းများကလည်း ပြည်ပရှိ အခြားသော အမေရိကန်၏ အကျိုးစီးပွားများ သို့မဟုတ် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်နိုင်ငံသားများနှင့် ဆက်စပ်နေသော နေရာများကို ပစ်မှတ်ထားလာနိုင်ဖွယ်ရှိကြောင်းလည်း သတိပေးထားသည်။

အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်နှင့် ပြင်းထန်စွာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် မတ်လအတွင်းက ကမ္ဘာတစ်ဝန်း ခရီးသွားလာရေးဆိုင်ရာ သတိပေးချက်ကို နောက်ဆုံးအကြိမ် ထုတ်ပြန်ခဲ့ဖူးကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း တိုမီနီပင်လယ်အော်တွင် ခရီးသည်တင် အမြန်ရေယာဉ်တစ်စင်း ပျောက်ဆုံး

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဂိုရန်တာလို ပြည်နယ်အနီး တိုမီနီပင်လယ်အော်တွင် ခရီးသည်တင် အမြန်ရေယာဉ်တစ်စင်း ပျောက်ဆုံးသွားခဲ့ပြီးနောက် ဥရောပသားခရီးသွား ၁၁ ဦးနှင့် သင်္ဘောသားတစ်ဦးတို့ကို အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားခဲ့သည်။

ပူးပေါင်းရှာဖွေကယ်ဆယ်ရေး အဖွဲ့က တိုမီနီပင်လယ်အော်ရေပြင်၌ ၎င်းတို့ကို တွေ့ရှိပြီးနောက် ဆူလာဝီဆီ အလယ်ပိုင်းတိုဂျီ အန်နာ-အန်နာ ခရိုင်သို့ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ကြောင်း ဂိုရန်တာလို ပြည်နယ် ရှာဖွေကယ်ဆယ်ရေးရုံး အကြီးအကဲ ဟီရီယန်တိုက ဒေသတွင်း မီဒီယာများအား ပြောကြားခဲ့သည်။

ပျောက်ဆုံးလျက်ရှိသည့် သင်္ဘောကပ္ပတိန်ကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ဟီရီယန်တိုက ပြောကြားခဲ့သည်။

အဆိုပါ အမြန်ရေယာဉ်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ဆူလာ ဝီဆီ အလယ်ပိုင်းရှိ ရေငုပ်ခရီးသွားအပန်းဖြေစခန်းတစ်ခုမှ ဂိုရန်တာလိုပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုသို့ ထွက်ခွာခဲ့သော်လည်း သတ်မှတ်အချိန်တွင် ရောက်ရှိမလာခဲ့သည့်အတွက် ရှာဖွေရေးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



## တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာ အာဏာပိုင်များက ဉာဏ်ရည်တု နည်းပညာအသုံးပြု၍ ကျူးလွန်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်

ပေကျင်း ဇူလိုင် ၂၅

ဉာဏ်ရည်တု နည်းပညာသုံး ကိရိယာများကို ပိုမိုလွယ်ကူစွာ ရယူအသုံးပြုနိုင်လာသည်နှင့်အမျှ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာ အာဏာပိုင်များက ဉာဏ်ရည်တုနည်းပညာကို အသုံးပြု၍ ကျူးလွန်သည့် ရာဇဝတ်မှုအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ ရာဇဝတ်မှုများတွင် ရုပ်/သံ အတုအယောင်ဖန်တီးမှု နည်းပညာသုံး လိမ်လည်မှုများ၊ ကိုယ်ရေးအချက်အလက် အတုအယောင်ပြုလုပ်၍ လိမ်လည်မှုများနှင့် AI ဖန်တီးထားသော သတင်းမှားများ ဖြန့်ဝေခြင်းတို့ ပါဝင်သည်။

တရုတ်ရဲတပ်ဖွဲ့အနေဖြင့် AI နည်းပညာနှင့် ဆက်စပ်သည့် ပေါ်ပေါက်လာသော ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနလက်အောက်ရှိ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနခွဲ အကြီးအကဲ ကျန်းကော်လီက ပြောကြားခဲ့သည်။

၎င်းရာဇဝတ်မှုများသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ထိခိုက်စေနိုင်ပြီး ပြည်သူလူထု၏ ယုံကြည်မှုကို လျော့ပါးစေကာ နိုင်ငံတော်လုံခြုံရေးကိုပင် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။




AI နှင့် ဆက်စပ်သော ရာဇဝတ်မှုများတွင် နည်းပညာကိုအသုံးပြု၍ ကိုယ်ရေးအချက်အလက် အတုအယောင်များ ဖန်တီးခြင်း၊ သတင်းအချက်အလက်စနစ်များအတွင်းသို့ ခိုးဝင်ခြင်း၊ ကိုယ်ရေးအချက်အလက်နှင့် ပိုင်ဆိုင်မှုများကို ခိုးယူခြင်း၊ လိမ်လည်မှုများ ကျူးလွန်ခြင်းနှင့် အွန်လိုင်းပေါ်တွင် သတင်းမှားများ ဖန်တီးဖြန့်ဝေခြင်းတို့ ပါဝင်မှု ပိုမိုများပြားလာကြောင်း ၎င်းက ထောက်ပြပြောကြားခဲ့သည်။

ထို့ပြင် တရားမဝင် လုပ်ဆောင်ချက်များအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးနေသည့် ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းရန် ရဲတပ်ဖွဲ့က ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး AI နှင့် ဆက်စပ်သော ရာဇဝတ်မှုများ ဖြစ်ပေါ်စေသည့် အရင်းအမြစ်များကို ဖြတ်တောက်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း ကျန်းကော်လီက ပြောကြားခဲ့သည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း အွန်လိုင်းပေါ်တွင် ကောလာဟလများ ဖန်တီးဖြန့်ဝေရန် ဉာဏ်ရည်တုနည်းပညာအသုံးပြုမှုနှင့်ပတ်သက်သည့် အမှုပေါင်း ၁၇၀ ကျော်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခဲ့ပြီး ၁၉၀ ကျော်ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်ရဲတပ်ဖွဲ့က ဆိုက်ဘာရာဇဝတ်မှု ကာကွယ်တားဆီးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ကျန်းကော်လီက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

❒ မော်တော်ယာဉ်မှ

အာရှနိုင်ငံများ၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ဈေးနှုန်းများ နှိုင်းယှဉ်ချက်

| စဉ် | နိုင်ငံအမည် | CNG 1 Kg ဈေးနှုန်း | |
|---|---|---|---|
| | | အမေရိကန်ဒေါ်လာ | မြန်မာကျပ် |
| ၁ | Myanmar | 0.0747 | 273.25 |
| ၂ | Thailand | 0.6000 | 2,194.80 |
| ၃ | Vietnam | 0.7900 | 2,889.82 |
| ၄ | China | 0.8000 | 2,926.40 |
| ၅ | India | 0.8600 | 3,145.88 |
| ၆ | Pakistan | 1.0800 | 3,950.64 |
| ၇ | Singapore | 3.8400 | 14,046.72 |



သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိသည့် YBS ခရီးသည်တင်ယာဉ်များကို တွေ့ရစဉ်။

သို့ရာတွင် အချို့သော YBS ခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမပြုဘဲ စက်မှုဇုန်များတွင် စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ YBS ခရီးသည်တင်ယာဉ် ၁၀ စီးသည် စက်ရုံတွင်ဖယ်ရီပြေးဆွဲနေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အဆိုပါ YBS ခရီးသည်တင်ယာဉ် ၁၀ စီးအား ယနေ့မှစ၍ ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်း အရေးယူခဲ့ပါသည်။ မော်တော်ယာဉ် ၁၀ စီး၏ နံပါတ်များကို CNG ဆိုင်များ အားလုံးတွင် ကြေညာထားမည်ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် CNG ဝယ်ယူခွင့်စာအုပ်ပါရှိသည့် ယာဉ်များကိုသာ ဓာတ်ငွေ့ဖြည့်သွင်း ရောင်းချပေးခြင်းနှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)တွင် CNG သုံးယာဉ်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (က.ည.န)မှ CNG တံဆိပ်တိုး မှတ်ပုံတင်ပြီးမှသာ CNG ယာဉ်နှစ်ပတ်လည် သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

CNG ယာဉ်များအနေဖြင့် အခြားယာဉ်များသို့ တရားမဝင် CNG ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါကလည်း ကျူးလွန်သည့် ယာဉ်များအား ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်း အရေးယူလျက် ရှိကြောင်းနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူလူထု သက်သာချောင်ချိရေးအတွက် အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းရှင်များကိုသာ CNG အသုံးပြုခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်းများ ပြုလုပ်ခဲ့သူ အမျိုးသားသုံးဦးအား အမှုဖွင့်အရေးယူ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာမီးရထား အနေဖြင့် ပြည်သူများ သက်သောင့်သက်သာ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက် ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြား ခရီးသည်များအတွက် အနှောင့်အယှက် မဖြစ်စေရန်နှင့် ရထားတွင်းသန့်ရှင်းမှုကို ထိန်းသိမ်းရန်၊ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများအား စနစ်တကျအသုံးပြုပေးပါရန် အသိပေးချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေးကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။



ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်းများ ပြုလုပ်ခဲ့သူ အမျိုးသားသုံးဦးအား ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃) အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားပေါ်၌ မြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရထားတွဲများ လုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်နေစဉ် ပထမတန်းတွဲ(၁) ခုံအမှတ် 1D, 3C, 4D တို့တွင် လိုက်ပါစီးနင်းလာကြသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာနေ ကံကောင်း(၄၄)နှစ်၊ တံတားဦးမြို့နယ် သင်ပန်းကုန်းကျေးရွာနေ ဉာဏ်ပို(၄၈)နှစ်နှင့် မတ္တရာမြို့နယ်မင်္ဂလာသီရိကျေးရွာနေ ဇော်လင်း(၄၈)နှစ်တို့သည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေအောင် အရက်သေစာ သောက်စားမူးယစ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရမည်းသင်းမြို့မရဲစခန်း၌ (ပ)၁၆၇/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■



အင်တာနက်ဝန်ဆောင်မှု ပျက်ကွက်မှုကိုဖော်ပြသည့် သရုပ်ဖော်ရုပ်ပုံကားချပ်တစ်ခုကို တွေ့ရစဉ်။

## အင်တာနက်ဝန်ဆောင်မှု ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်

ရန်ကုန် ဇူလိုင် ၂၅

ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားသည့် အင်တာနက်ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုပျက်ကွက်ပါက သုံးစွဲသူပြည်သူများမှ တိုင်ကြားနိုင်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ပြောကြားလိုက်သည်။

ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်း၏ အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည် စစ်ဆေးထုတ်ပြန်ပေးရေးနှင့် စာချုပ်ပါစွမ်းရည်ထက် ကျဆင်းနေသည့် ကုမ္ပဏီများအား အရေးယူဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားစဉ် ဒုတိယဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်ကြားလိုသူများအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD) ၏ အီးမေးလ်ဖြစ်သော complaint @ptd.gov.mm သို့ လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်မည်ဖြစ်သည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနသို့ ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားစာ စုစုပေါင်း ၂၂၀၀ လက်ခံရရှိခဲ့ရာမှ ၂၁၉၂ မှုကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ရှစ်မှုကိုလည်း ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားချက်များအရ သိရသည်။

**TWA**

## ဖြူးမြို့နယ်၌ လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ဇူလိုင် ၂၂ ရက်က လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ဖြူးမြို့ စက်တောင်ရပ်ကွက် ဖြူးအရှေ့ကျေးရွာနေ ဦးမောင်မြိုင်၏ခြံဝင်းအတွင်း လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါခြံဝင်းအတွင်းရှိ ရွက်ဖျင်တဲ၌ လောင်းကစားပြုလုပ်နေသူ ထန်းကုန်းရပ်ကွက်နေ ဦးကျော်ငွေး(၆၁)နှစ်ပါ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၇ ဦးတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ အံစာတုံးလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံး၊ မော်တော်ယာဉ် ခြောက်စီး၊ ဆိုင်ကယ်မျိုးစုံ ၂၇ စီး၊ စက်ဘီးနှစ်စီး၊ မီးစက်တစ်လုံးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အိမ်ရှင်ဖြစ်သူ ဦးမောင်မြိုင်ပါ ၂၈ ဦးအား ဖြူးမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ပြီး မောင်မြိုင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

❂ အာဆီယံမှ

ပုံစံကောင်းပြသနိုင်ခဲ့ပြီး ယခင်ထက် ပိုမိုကောင်းမွန်သည့် တိုက်စစ်တွဲလုံးများ၊ ကစားပုံများ မြင်တွေ့ရသော်လည်း ဒုတိယပိုင်းတွင် ခံစစ်၏ ဖျက်ထုတ်ပုံအားနည်းမှုမှ ချေပဂိုး၊ ပင်နယ်တီမှတစ်ဆင့် အနိုင်ဂိုးပေးလိုက်ရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲကစားခဲ့သည့် ခြေစွမ်းအရ မြန်မာအသင်းသည် အနိမ့်ဆုံး သရေတစ်မှတ်ရသင့်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး နောက်တစ်ဆင့်တက်ရန် ခက်ခဲသွားပြီဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် အန်ဒါဆင်သည် ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ မောင်မောင်လွင်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ သန်းပိုင်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး တိုက်စစ်ရွှေ့လျားပုံ၊ တွဲလုံးများ ထိရောက်သဖြင့် မလေးရှားဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၁၀ မိနစ်မှာပင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဝင်းနိုင်ထွန်းကန်ချက်မလေးရှားနောက်ခံလူနှင့်ထိပြီး ပြန်ထွက်လာရာ မြတ်ကောင်းခန့်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မလေးရှားအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာရာ မြန်မာအသင်း ခံစစ်ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ဒုတိယဂိုးရနိုင်သည့် အခွင့်အရေးရခဲ့ပြီး ဝင်းနိုင်ထွန်း၏ အပိုင်ကန်ချက် ဘားတန်းထိထွက်ခဲ့သည်။ ဒုတိယပိုင်းအစ ၁၅ မိနစ်တွင် ပွဲမှာအပြောင်းအလဲများဖြစ်ခဲ့ပြီး မလေးရှားအသင်းက ငါးမိနစ်အတွင်း ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ မလေးရှားအသင်းခေါင်းဆောင် ပေါ်လိုဂျိုဆူးက ၅၂ မိနစ်တွင် ချေပဂိုးနှင့် ၅၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အနိုင်ဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် အိမ်ကွင်း၌ အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – စိုးညွန့်သော်**

# မွန်ပြည်နယ် ၂၀၂၆ ခုနှစ် မိုးရာသီမုတ်သုံဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




မော်လမြိုင် ဇူလိုင် ၂၅

မွန်ပြည်နယ်တွင် အများပြည်သူများ အသက်အရွယ်မရွေး ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရန် အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မိုးရာသီမုတ်သုံ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

ဦးစွာ ပြိုင်ပွဲဝင်အသင်းသားများက သတ်မှတ်နေရာများတွင် နေရာယူပြီး ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်အသင်းတာဝန်ရှိသူတို့က ပြိုင်ပွဲကို Color Ball ရိုက်၍ ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများက ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အတန်းလိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ရိုက်ချက်အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားများအား ဆုများပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိကြသော ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အသင်းများအား ဆုဖလားနှင့် ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ၏ အုပ်စုပွဲစဉ် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် မလေးရှားအမျိုးသားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၅

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)က ကြီးမှူးကျင်းပသည့် ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ၏ အုပ်စုပွဲစဉ် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် မလေးရှား အမျိုးသားလက်ရွေးစင် အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ယှဉ်ပြိုင်ကစားနေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြပြီး ပွဲပြီးဆုံးချိန်တွင် မလေးရှားအမျိုးသားလက်ရွေးစင်အသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။






မြန်မာအမျိုးသား လက်ရွေးစင်အသင်းသည် ပြိုင်ပွဲအုပ်စု(B)တွင် မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုနှင့် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အမျိုးသားလက်ရွေးစင်အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် လာအိုအမျိုးသားလက်ရွေးစင်အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

# ဂွါဒီယိုလာနဲ့ အန်စလော့တီတို့အား အီတလီဘောလုံးအဖွဲ့ချုပ်က လက်ရွေးစင်အသင်း နည်းပြအဖြစ်ခန့်အပ်ရန် စီစဉ်နေ

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ဟာ ဂွါဒီယိုလာနဲ့ အန်စလော့တီတို့အနက် တစ်ဦးကို လက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ဖြစ်တဲ့ မာလာဂိုဟာ ဧပြီလအတွင်းက အီတလီနိုင်ငံလက်ရွေးစင်အသင်းနည်းပြအဖြစ်ကနေ လမ်းခွဲထွက်ခွာသွားတဲ့ ဂတ်တူဆိုရဲ့နေရာမှာ နည်းပြဂွါဒီယိုလာကို ခန့်အပ်ဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

ယခုလအတွင်း အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ နည်းစနစ်ဒါရိုက်တာအဖြစ်ခန့်အပ်ခံခဲ့ရတဲ့ အီတလီနောက်တန်းကစားသမားဟောင်း မယ်လ်ဒီနီကတော့ အီတလီလက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် အန်စလော့တီနဲ့ ဂွါဒီယိုလာတို့အနက် တစ်ဦးဖြစ်လာဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာဟာ မန်စီးတီးအသင်းနည်းပြအဖြစ် ၁၀ နှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ အဓိကဆုဖလား ၁၇ လုံးအထိ ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ နည်းစနစ်ဒါရိုက်တာဖြစ်သူ မယ်လ်ဒီနီဟာ အီတလီလက်ရွေးစင်ကစားသမားဟောင်း အန်စလော့တီကို အီတလီနည်းပြအဖြစ်ခန့်အပ်ဖို့ ကနဦးပစ်မှတ်ထားခဲ့ပေမယ့် အန်စလော့တီဟာ လက်ရှိတာဝန်ယူကိုင်တွယ်လျက်ရှိတဲ့ ဘရာဇီးအသင်းနည်းပြတာဝန်ကို ဆက်လက်တာဝန်ယူကိုင်တွယ်သွားမှာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ငွေကြယ်


ဂွါဒီယိုလာ


အန်စလော့တီ

❖ MNL ယူ-၂၀ မှ မြန်မာနေရှင်နယ်လိဂ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ပွဲစဉ်(၁၀)အပြီးတွင် အား/ကာ သိပ္ပံအသင်းက ၂၃ မှတ်၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းက ၂၁ မှတ်စီ၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက ၁၉ မှတ်စီ၊ Falcon အသင်းက ၁၆ မှတ်၊ Galaxy အသင်းက ၁၃ မှတ်၊ ရတနာပုံနှင့် ရန်ကုန်စီးတီးအသင်းက ၁၂ မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၀ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရှစ်မှတ်၊ မြဝတီအသင်းက ငါးမှတ်၊ Chinland အသင်းက တစ်မှတ်ရရှိထားသည်။ ပွဲရပ်နားခဲ့ရသည့် ဒဂုံစတားယူနိုက်တက်နှင့် Galaxy အသင်းမှာ ကိုးပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ ၁၀ ပွဲစီ ကစားထားပြီးဖြစ်သည်။

သတင်း - ညီမြတ်သော်တော
ဓာတ်ပုံ - MNL

# ရန်ကုန်တက္ကသိုလ်၌ တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF)နှင့် PUGB Mobile တို့ ပူးပေါင်း၍ တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026 ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်နှင့် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းတို့က ပြိုင်ပွဲဆုတံဆိပ်ကို စင်မြင့်ပေါ်သို့ သယ်ဆောင်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။




ထို့နောက် PUBG Mobile ပြိုင်ပွဲတွင် တစ်သင်းလျှင် လေးယောက်နှုန်းဖြင့် ယှဉ်ပြိုင်သည့် ၁၆ သင်းနှင့် တစ်သင်းလျှင် ငါးယောက်နှုန်းဖြင့် ယှဉ်ပြိုင်သည့် Mobile Legend ပြိုင်ပွဲတို့ကို စတင်ကျင်းပရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ အားပါးတရ ကြည့်ရှုအားပေးကြသည်။

"ရန်ကုန်တက္ကသိုလ်မှာ အခုလို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတာ ဂုဏ်ယူပါတယ်။ တက္ကသိုလ်အနေနဲ့ မြန်မာ့အားကစားကဏ္ဍအတွက် အမြဲတံခါးဖွင့်ထားပြီး အခုပြိုင်ပွဲမှာ ရန်ကုန်မြို့က တက္ကသိုလ်တွေသာမက ဒေသအစုံက တက္ကသိုလ်တွေက ကျောင်းသားလူငယ်တွေ ဒီမှာ စုံညီစွာလာရောက် ပါဝင်ယှဉ်ပြိုင်ကြတာတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်က ပြောသည်။

ယနေ့ပြိုင်ပွဲတွင် အနိုင်ရရှိကြသည့်အသင်းများသည် ဇူလိုင် ၂၆ ရက်တွင် ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အနိုင်ရရှိသော တက္ကသိုလ်ကိုယ်စားပြုအသင်းများအား အမျိုးသားအဆင့်ပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဖြစ်သည်။

"ကမ္ဘာ့ထိပ်တန်း အားကစားနည်းတစ်ရပ်ကို ရန်ကုန်တက္ကသိုလ်မှာ ပြိုင်ပွဲကျင်းပနိုင်ခဲ့တဲ့အပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးတဲ့အတွက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နဲ့ ဆရာ ဆရာမတွေအားလုံးကို MESF ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

Esports အားကစားသည် ကျောင်းသားလူငယ်များအတွက် စည်းကမ်းရှိမှု၊ အသင်းအဖွဲ့စိတ်ဓာတ်ထားရှိမှု၊ နည်းစနစ်ပိုင်းနှင့် အတွေးအခေါ် ထိုးထွင်းသိမြင်လာမှုတို့ကို ရရှိစေသော အားစားနည်းတစ်ရပ် ဖြစ်သည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

မကွေး ဇူလိုင် ၂၅

၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မကွေးမြို့ ဆေးတက္ကသိုလ်(မကွေး) ဝင်းအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကား ပြောကြားပြီး တက်ရောက် လာကြသူများနှင့် အတူ တမာ၊ မည်စည်၊ ဖျောက်ဆိပ်၊ ကုလားကုက္ကိုလ်၊ ပိတောက်၊ သပြေ ဘူတ၊ ခရေ၊ ပဲချယ်ရီ စသည့် သစ်မျိုးရှစ်မျိုး ပျိုးပင်စုစုပေါင်း ၁၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၂၄ ခုနှစ်အတွင်း လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့ကို အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဓာတ်အားခွဲရုံ ကိုးရုံ၊ ထရန်စဖော်မာ ၈၆ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

လားရှိုးမြို့နှင့် နောင်ချိုမြို့များကို တပ်မတော်မှ ပြန်လည်ထိန်းချုပ်ပြီးနောက် ဝန်ကြီးဌာနမှ ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကို အမြန်ဆုံးပြန်လည်ပြုပြင်ခဲ့ပြီး နောင်ချိုမြို့နယ်နှင့် လားရှိုးမြို့တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ်နှင့် ကျောက်မဲမြို့များတွင် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် ဓာတ်အားရယူသုံးစွဲရမည့် ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်း တိုင်အမှတ် ၂၁၀ နှင့် ၂၁၉ ကြား မြေမြှုပ်မိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးပါက သီပေါမြို့နှင့် ကျောက်မဲမြို့များကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး လတ်တလောအနေဖြင့် သီပေါမြို့ကို ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် တစ်ရက်လျှင် ခြောက်နာရီနှင့် ကျောက်မဲမြို့ကို နမ့်စောင်းငေါင်းအသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂ မဂ္ဂါဝပ်ဖြင့် မြို့ပေါ်အရေးကြီးနေရာများနှင့် အများပြည်သူအချို့အား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၃ ရုံ၊ ထရန်စဖော်မာ ၇၃ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး လွိုင်ကော်မြို့၊ လွိုင်လင်လေးမြို့၊ လောပိတမြို့နှင့် ကျေးရွာ ၃၀ ရှိ အိမ်ထောင်စုပေါင်း ၁၃၈၃၇ စုအား ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်သည်။

ဒီးမော့ဆိုမြို့နယ်အတွင်း၌လည်း အကြမ်းဖက်များကြောင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မှု ပထမအဆင့်အနေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းပြုပြင်ခြင်းအား ဆောင်ရွက်၍ မြို့နယ်အတွင်းရှိကျေးရွာနှစ်ရွာနှင့် အရေးကြီးနေရာတို့ကို ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်ကာ လွိုင်ကော်မြို့ရှိ ၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ရွာတန်းရှည် ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းအား နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီးမော့ဆိုမြို့နယ်အား ရွာတန်းရှည်ခွဲရုံမှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ အသေးစားရေအားလျှပ်စစ်စက်ရုံ နှစ်ရုံ၊ ထရန်စဖော်မာ ၃၁ လုံးနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့သဖြင့် လိုအပ်သောပစ္စည်းများ ပို့ဆောင်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လတ်တလောတွင်



၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဖလမ်းဓာတ်အားခွဲရုံ ပျက်စီးဆုံးရှုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



သီပေါမြို့နယ် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံတွင် ပျက်စီးနေသော ဓာတ်အားခွဲရုံပစ္စည်းများ အသစ်အစားထိုး ပြုပြင်တည်ဆောက်ခြင်း မှတ်တမ်းဓာတ်ပုံ။

ဖလမ်းမြို့ ယာယီဆေးရုံ၌ ၁၂ ကီလိုဝပ် ဆိုလာမီးဖြင့်လည်းကောင်း၊ အရေးကြီးနေရာများ၌ ၆ ကီလိုဝပ် ဆိုလာမီးများဖြင့်လည်းကောင်း ယာယီဓာတ်အားပေးနိုင်ရန် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အရေးကြီးနေရာများအား ယာယီဓာတ်အားပေးနိုင်ရန်အတွက် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အား ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

တွန်းဇံမြို့အား ဓာတ်အားပြန်လည်ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လျှပ်စစ်ဝန်ထမ်း ၁၂ ဦး ရောက်ရှိ၍ ပျက်စီးမှုစာရင်းများ ကောက်ယူခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကို ပြန်လည်ပြုပြင်ပြီး ဌာနဆိုင်ရာရုံး ၁၁ ရုံးနှင့် ဓာတ်အားသုံးစွဲသူ ၃၁၀ ခန့်အား ညစဉ် တစ်နေ့ သုံးနာရီ ဓာတ်အားပေးလျက်ရှိပြီး ၂၀၀ ကီလိုဝပ် တွီးဆောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် သွားရောက်စစ်ဆေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိလာသည်နှင့်အညီ ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝသွားလာနေထိုင်မှုများ ပြန်လည်အဆင်ပြေချောမွေ့လာခြင်း၊ အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်း



ကယားပြည်နယ် လွိုင်ကော်မြို့ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကေ ၅၀၀ ဓာတ်အားခွဲရုံ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ရွှေညောင်ပင် ဓာတ်အားခွဲရုံတွင် ပျက်စီးနေသော ဓာတ်အားခွဲရုံပစ္စည်းများ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



လားရှိုးမြို့ရှိ ဓာတ်အားခွဲရုံများ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

များ၊ ဒေသတွင်းကုန်ထုတ်လုပ်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်း၊ ဆေးရုံ/ဆေးခန်းများတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေး ကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဧရာဝတီမြစ်တွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ပြည် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်သို့ ငါမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင် နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၈၀၀၀၀ နှင့် နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၇၀၀၀၀ စုစုပေါင်းငါးကောင်ရေ ၁၅၀၀၀၀ ကို ဧရာဝတီမြစ်တွင်းသို့ ငါးမျိုးများ စိုက်ထည့်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာသက်နှင့်ဝန်ထမ်းများ၊ အုတ်ဖိုငါးသားဖောက်စခန်း တာဝန်ခံ ဦးသူရမိုးအောင်နှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏာထွန်း(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

လပွတ္တာ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာလုပ်တောင်ကျေးရွာ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်း က မှန်ကျောင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဦးစွာ လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစန်းမင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး လပွတ္တာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်က ကျေးရွာမြေငှားဂရန်များ ထုတ်ပေးမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောဆဲနေက ကျေးရွာမြေငှားဂရန်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက်လပွတ္တာလုပ်ကျေးရွာမှ ရွာမြေဧရိယာဧက ၈ ဒသမ ၉၄၀ ၏ ကျေးရွာမြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)





## တန့်ယန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးပဲပုပ်အစေ့ချစိုက်ပျိုး

တန့်ယန်း ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးထားသော မျိုးစေ့ချကိရိယာဖြင့် မိုးပဲပုပ်အစေ့ချစိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ကွန်နင်ကျေးရွာ၌ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)



## ကျိုင်းတုံမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

ကျိုင်းတုံ ဇူလိုင် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က Amazing Hotel ၌ ကျင်းပသည်။



ဦးစွာ ကျိုင်းတုံခရိုင် အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက AML/CFT ဆိုင်ရာအခြေခံဗဟုသုတများနှင့် ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းတို့၏ လုပ်ငန်းတာဝန်များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတင်းပို့ရန် တာဝန်များ စသည့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ မြှင့်တင်ရေးတို့ကို ဆွေးနွေးရာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ကော့မှူးမြို့နယ်၌ တောင်သူများအား သွင်းအားစုနှင့် သက်တန့်ရောင်စီမံကိန်းရန်ပုံငွေ ပေးအပ်

ကော့မှူး ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ခြင်းနှင့် သက်တန့်ရောင်စီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ပိုင်းရပ်ကွက် မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေးက သွင်းအားစုပံ့ပိုးပေးခြင်းနှင့် သက်တန့်ရောင်စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်တောင်သူ ၃၉၅ ဦး၊ စိုက်ပျိုးဧက ၃၄၅၁ ဧကအတွက် တောင်သူလိုအပ်သည့်သွင်းအားစုများနှင့် သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် အသင်းနှစ်သင်း၏ အသင်းသား ၄၀ တို့အား ပံ့ပိုးငွေကျပ်သိန်း ၄၁ ဒသမ ၆၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်သူရ

## ပေါင်မြို့နယ်၌ အသိပညာပေးဟောပြော

ပေါင် ဇူလိုင် ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် "ဒီရေတောများအကြောင်း သိကောင်းစရာ" အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(အလှပ်)၌ ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်လွင်ဦးက ဒီရေတောများ၏အခြေအနေနှင့် အသုံးဝင်ပုံများ၊ ဒီရေတောကမ်းရိုးတန်းသယံဇာတများ ပျက်စီးရသည့်အကြောင်းအရင်းများနှင့် ကမ်းရိုးတန်းဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မွန်မလေး(ပြန်/ဆက်)

## နောင်ချိုမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နောင်ချို ဇူလိုင် ၂၅

နောင်ချိုမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စိတ်က ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။



### အသိပညာပေးဟောပြော

ဟောပြောပွဲတွင် မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စိတ် ရဲအုပ် ဟန်ထွန်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စပ်လျဉ်း၍ မေးခွန်း ငါးခုမေးမြန်းရာ ဖြေဆိုမှန်ကန်သည့် ကျောင်းသား ကျောင်းသူများအား မော်တော်ဆိုင်ကယ်စီးဦးထုပ်များ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် ၂၀၂၆ ခုနှစ် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် စောရန်ပိုင်(တောင်) ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမရှိ ခရိုင်ပညာရေးမှူးရုံးဝင်းအတွင်း၌ ဇူလိုင် ၂၃ ရက်က ကျင်းပသည်။



### ပေးအပ်

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်ဇင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုတို့က စိုက်ပျိုးမည့်အဖွဲ့များထံ ပျိုးပင်များ ပေးအပ်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် ၅၀၊ ခရေပင် ၅၀၊ ငုဝါပင် ၅၀၊ ပိတောက်ပင်၂၀၊ စိန်ပန်းပင် ၁၀၀၊ မဟော်ဂနီပင် ၃၀၊ ကျွန်းပင် ၂၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သျှင်ဝင်းသျှင်

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင် လျှောက်ထားနိုင်ကြောင်း အသိပေးကြော်ငြာခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၂၃ဖြင့် ထုတ်ပြန်ပြီး ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းပါလုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိရာ အဆိုပါ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်နှင့် ကိုက်ညီသော မည်သူမဆို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၈)တွင် လုပ်ငန်းလိုင်စင် လာရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၏ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၃၄၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၂၈၄)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးမျိုးအောင်[၁၄/ကလန(နိုင်)၀၀၀၅၉၁]**အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏ (လမ်းမှမြေကွက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ (မြေကွက်အမှတ်-၁၂၈၅ နှင့်ကပ်လျက်ဘက်ခြမ်း)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အောင်သပြေလမ်း၊ (၁၅၅)ရပ်ကွက်၊ အမှတ်(၁၂၈၄)ဟုခေါ်တွင်သည့်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးကျော်မင်းစိုး[၁၂/ဒဂရ(နိုင်)၀၂၉၁၇၉]**က ၎င်းသာလျှင် တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဇင်ငြိမ်းအိ[၁၂/ဥကမ(နိုင်)၂၁၇၈၇၂]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုမွန်(စဉ်-၁၃၄၉၆)[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**အမှတ် - ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၀၉ -၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်(၇၆၈/ခ)ဟုခေါ်တွင်သော(၂၀ပေx၆၀ပေ)ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်၏ တိုက်ခန်းများအနက်မှ အမှတ်(၇၆၈/ခ)မြေညီထပ်၊ ထူပါရုံ(၁၇)လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈ပေx၅၄ပေ)၊ အမြင့်(၁၄)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်တို့ဖြင့် ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် လက်ရှိထား ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်ခင်မာဝင်း [၁၂/ဥကမ(နိုင်) ၀၄၆၀၃၀] က ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကတိစာချုပ် ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေစင်ထက် [၁၀/ဘလန(နိုင်)၀၆၈၈၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၄)**
